မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ ၂၀၁၀ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၁၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
အိန္ဒိယသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာ ဒေဗီဆင်းပတေးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့်မှ တိမ်ထူထပ်မည်။

ထူးခြားသည့် ညအပူချိန်များ ၂၅-၁-၂၀၁၀

ဟားခါး	၀ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၀ ဒီဂရီစင်တီဂရိတ်
မချမ်းဘော	၂ ဒီဂရီစင်တီဂရိတ်
ပူတာအို	၂ ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး
အိန္ဒိယနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာမိုဟာမက်ဟာမစ် အန်ဆာရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင်းဘရိုက်(စ်)ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ သြစတြေးလျနိုင်ငံဝန်ကြီးချုပ် မစ္စတာကယ်ဗင်မိုက်ကယ်လ်ရာ့ဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဈေးကွက်ဖော်ဆောင်နေသော ရှမ်းပြည်နယ်(မြောက်ပိုင်း)က
လားရှိုး လက်ကားကုန်စည်ဒိုင်

နေပြည်တော် ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ မန်ဆူဈေးကြီး၌ ဒေသနေ တောင်သူလယ်သမားများ အကျိုးစီးပွားကို ရှေးရှုလျက် လက်ကားကုန်စည်ဒိုင်ကြီး ဖွင့်လှစ်ပေးနိုင်ခဲ့၍ ယခုအခါ လယ်ယာထွက်ကုန်သီးနှံများ ရောင်းဝယ်ဖောက်ကားမှု ပိုမိုတိုးတက်ကောင်းမွန်လာလျက်ရှိသည်။

စာမျက်နှာ ၆ ကော်လံ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ လက်ကားကုန်စည်ဒိုင်မှ မူဆယ်(၁၀၅)မိုင်သို့ ပြောင်းဖူးစေ့အိတ်များ တင်ပို့နေသည်ကို တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း- မျိုးမင်းသိန်း (မရမ်းကုန်း)

သတင်းခရီးသည် - မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
မျိုးမင်းသိန်း (မရမ်းကုန်း)

စာမျက်နှာဖွဲ့စည်းမှု
ဝင့်မာသွင် (မြန်မာ့အလင်း)

လားရှိုးမြို့ လက်ကားကုန်စည်ဒိုင်အတွင်း ပြောင်းဖူးစေ့အိတ်များကို ဤသို့ သိုလှောင်ထားရှိသည်။

ဓာတ်ပုံမှတ်တမ်း- မျိုးမင်းသိန်း (မရမ်းကုန်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၆ ရက်)

ဈေးကွက်ဝင် ကဏန်းပျော့များ တိုးမြှင့်မွေးမြူ

ရေထွက်ပစ္စည်း ပြည်ပပို့ကုန် အမယ်သစ်များထဲတွင် ကဏန်းပျော့သည် ထိပ်ဆုံးမှ ပါဝင်သည်။ ကဏန်းပျော့ ထုတ်လုပ်ရေးကို တနင်္သာရီတိုင်းမှ စတင်ဆောင်ရွက်ခဲ့သည်။ ကဏန်းပျော့ ထုတ်လုပ်မှုကို ၁၉၉၆ခုနှစ်နောက်ပိုင်းမှ စတင်ခဲ့ပြီး တနင်္သာရီတိုင်း မြိတ်ကျွန်းစုတွင် ကုမ္ပဏီနှစ်ခုက မွေးမြူထုတ်လုပ်ခဲ့ရာ ယခုအခါ တနင်္သာရီတိုင်းက တစ်လလျှင် ကဏန်း တန် ၈၀မှ တန် ၁၀၀ကြား ထုတ်လုပ်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ကဏန်းပျော့ မွေးမြူထုတ်လုပ်သည့် ထိပ်တန်းနိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွက်လာစေရန် မြန်မာနိုင်ငံ ကဏန်းလုပ်ငန်းရှင်များအသင်း၏ ကြိုးပမ်းမှုဖြင့် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ရန်ကုန်တိုင်း ကျောက်တန်း ပုစွန်မွေးမြူရေးဇုန်၌ ကဏန်းမွေးမြူရေးဇုန်အဖြစ် ၁၀၃၉ ဧက သတ်မှတ်ပြီး ကဏန်းပျော့များကို မွေးမြူထုတ်လုပ်လျက်ရှိသည်။

ကဏန်းပျော့မွေးမြူခြင်းသည် တိုင်းရင်းသားလုပ်ငန်းရှင်များအတွက်သာမက နိုင်ငံတော်အတွက်ပါ များစွာအထောက်အကူပြုပေသည်။ ရိုးရိုးသာမန် ကဏန်းအဖြစ်မွေးမြူလျှင် တစ်ကီလိုငွေကျပ် ၁၅၀၀ ရရှိနိုင်ပြီး ကဏန်းပျော့အဖြစ် သုံးလခန့် မွေးမြူလျှင် ပြည်ပဈေးကွက် တစ်ကီလိုလျှင် အမေရိကန် ဒေါ်လာ ငါးဒေါ်လာခန့် ရရှိမည်ဖြစ်သည်။

ပြည်ပဈေးကွက်အနေဖြင့် ထိုင်း၊ ဗီယက်နမ်နှင့် ဂျပန် နိုင်ငံများဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသများအထိ တင်ပို့သည်။ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းမှ ထွက်ရှိသောကဏန်းများကို မန္တလေး၊ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံ ရွှေလီသို့လည်းကောင်း၊ မြဝတီမှတစ်ဆင့် ထိုင်းနိုင်ငံသို့လည်းကောင်း တင်ပို့လျက်ရှိသည်။

ကဏန်းပျော့ မွေးမြူထုတ်လုပ်မှုသည် ပြည်တွင်း စားသုံးနိုင်သည်သာမက ပြည်ပသို့ တင်ပို့ပြီး နိုင်ငံခြားဝင်ငွေ ရှာဖွေပေးကာ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုလျက်ရှိရာ နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များကပါ ကြိုးပမ်းထုတ်လုပ်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၆-၁-၂၀၁၀

(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၅	၇။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လျှပ်တစ်ပြက်
၄း၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။	အင်္ဂလိပ်စာသုတ
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၁၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၂။	လျှပ်တစ်ပြက်
၆း၄၀	၁၃။	အကြင်နာလက်တစ်စုံ
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားမှတ်တမ်း** (အပိုင်း-၁၂)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဟာသရုပ်စုံ
	၂၁။	ဗွီစီဒီကျော်ကြားတေး
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **ကြည်နူးဖွယ်ရာ ပျိုကညာ** (အပိုင်း-၅)

နေပြည်တော်တပ်ကုန်း တောင်ပို့သာရဲတပ်ဖွဲ့စခန်း

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ဇန်နဝါရီ ၂၃ရက် ညနေ ၅နာရီ မိနစ်၄၀က နေပြည်တော်တပ်ကုန်း အုန်းပင်ကျေးရွာအုပ်စု တောင်ပို့သာရွာရှိ တောင်ပို့သာရဲတပ်ဖွဲ့စခန်းသို့ ရောက်ရှိပြီး တောင်ပို့သာရဲတပ်ဖွဲ့စခန်းနှင့် တပ်ဖွဲ့ဝင်မိသားစုများအတွက် ခြောက်ခန်းတွဲ၊ လေးခန်းတွဲနေအိမ်လိုင်းခန်းများ ဆောက်လုပ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးကာ တပ်ဖွဲ့ဝင်မိသားစုများအား တွေ့ဆုံအားပေး အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

သာကေတမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေး

ရန်ကုန် ဇန်နဝါရီ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းပြမှုနှင့်အညီ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)က သာကေတမြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ရက် မွန်းလွဲ ၁နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူထုလူတန်းစားအဖွဲ့အစည်းများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ အလုပ်အမှုဆောင်များနှင့် ဂီတအစည်းအရုံးဝင် ဂီတပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးမျိုးတင့်(ရုံးအဖွဲ့မှူး)က ဆောင်ရွက်ပြီး သဘာပတိ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်သန်းသန်းဌေးက အမှာစကားပြောကြားသည်။ ဆက်လက်၍ အဖွဲ့ခေါင်းဆောင် ပျဉ်းမနားမြင့်လှိုင်(ပြန်ကြားရေးမှူး)က မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများ ရှင်းလင်း၍ ဥက္ကဋ္ဌ ကျောက်ပန်းတောင်း ဦးကျော်လွင်၊ ဒုတိယဥက္ကဋ္ဌ ကိုလတ်၊ အတွင်းရေးမှူး တက္ကသိုလ်ဆန်နီ၊ ဘဏ္ဍာရေးမှူး ဦးအေးကို၊ ပြန်ကြားရေးမှူး တေးကဗျာတင်ဝင်းစိုး၊ စည်းရုံးရေးမှူး မောင်မောင်သစ်လွင်၊ အဖွဲ့ဝင်များဖြစ်ကြသော မယ်ဒလင်ပုလဲ ပြည်ဟိဏ်း၊ ဦးစိုးမိုးအောင်(အက္ခရာ)၊ အုတ်ဖိုလှမင်း၊ တယောယုမောင်နှင့် ဂစ်တာမောင်မောင်တို့ ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီခန့်အပ်လွှာကို ဗဟိုအလုပ်အမှုဆောင် ဦးမျိုးမြင့်လေးက ပေးအပ်သည်။ ဆက်လက်၍ မြို့နယ်ဂီတအစည်းအရုံးသို့ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

၂၇-၁-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် **(မေတ္တသုတ်+ခန္ဓသုတ်)**
	ဓမ္မပူဇာတေးပဒေသာ
၇း၂၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀	နံနက်ခင်းတေးပဒေသာ
၉း၀၀	အစီအစဉ်ပြီး၏။
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၂၄)
	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	ဆိုကြပျော်ရွှင်တေးသံစဉ်(၆၄)
	တေးပဒေသာ
၁၂း၀၀	စံတော်ချိန်
	နေ့လယ်ခင်းတေးပဒေသာ
၁၂း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (ပန်းကလေးရဲ့ဒဏ္ဍာရီ)
၁၂း၄၅	တေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက်
	ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး
၁၆း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀	ခံတွင်းမြိန်စရာသူ့လက်ရာ (ထမနဲထိုးကြမယ်)
၁၇း၁၀	Current Song (7)
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	တေးပဒေသာ
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၃၄)
၁၈း၂၀	ကျေးလက်ဇာတ်လမ်း **(ပန်းကလေးများ)**
၁၈း၃၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၀၅	သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉း၁၅	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ခိုင်နှင်းဝေ)
၁၉း၃၀	တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၂၀း၂၀	သူ့ခေတ်သူ့ခါတေးပဒေသာ
၂၀း၅၀	ကျန်းမာရေးရာသိကောင်းစရာ (ကာကွယ်ကုသ၍ရသော မျက်စိရောဂါများ) လူမှုရေးဦးတည်ချက်
၂၁း၀၀	ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

ပဲခူး ပုဏ္ဏားစုလမ်းမကြီး ကတ္တရာခင်း

ပဲခူး ဇန်နဝါရီ ၂၅

ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့တွင်းလမ်း ကောင်းမွန်ရေးစီမံချက်အရ စည်ပင်သာယာရေးဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းများခင်းခြင်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက် ပုဏ္ဏားစုလမ်းမကြီး ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၈ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်လှုနှင့် လမ်းကော်မတီတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြသည်။

(မြို့နယ်စည်ပင်)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု၍ အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးခဲ့သော ဘန့်ဘွေးကုန်းကျေးရွာ နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲကို ဇန်နဝါရီ ၁ရက်က အဆိုပါကျေးရွာ၌ ကျင်းပရာ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

● *ကျော့ဖုံးမှ*

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ခန်းမဆောင်ပြင်ပ၌ ပြသထားသော သုတေသန(အောက်မြန်မာပြည်) ပိုစတာပြပွဲနှင့် ဆေးနှင့် ဆေးပစ္စည်း ပြခန်းများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

တက်ရောက်လေ့လာနိုင်

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (၂၀၀၉)ကို ဇန်နဝါရီ ၂၉ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပမှ သုတေသနပညာရှင်များက စာတမ်း ၈၂စောင်၊ ပိုစတာ ၂၀နှင့် ဟောပြောဆွေးနွေးပွဲ ခြောက်ခုတို့ကို တင်သွင်းပြသ ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ(၂၀၀၉)ဖွင့်ပွဲ အခမ်းအနားတွင် သုတေသန ပိုစတာပြပွဲနှင့် ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဟိုပန်-မန်မိန်းဟုန် လမ်းပိုင်းတိုးချဲ့မှု စစ်ဆေး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရော်ဘာစိုက်ခင်းများ လှည့်လည်ကြည့်ရှု

နေပြည်တော် ဇန်နဝါရီ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဇန်နဝါရီ ၂၃ရက် နံနက် ၈နာရီခွဲတွင် လောက်ကိုင်တပ်နယ် အစည်းအဝေးခန်းမ၌ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ တာဝန်ရှိသူတို့က မြို့နယ်ဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က လိုအပ်သည်များ မှာကြားပြီး လောက်ကိုင်မြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု သင်တန်းကျောင်းသို့ ရောက်ရှိစစ်ဆေးသည်။ မွန်းလွဲပိုင်းတွင် ဟိုပန်မြို့နယ် ပန်လုံကျေးရွာရှိ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို ပေးအပ်၍ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ဆက်လက်၍ ပန်လုံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိစစ်ဆေးပြီး ကျောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ဒေသဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး မှာကြားပြီး ကျေးရွာအတွက် အဝတ်အထည်များနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် သောက်သုံးရေပေးဝေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေအလေအလွင့် မရှိစေရေး စနစ်တကျဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဟိုပန်-မန်မိန်းဟုန် လမ်းအပိုင်း လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဟိုပန်-မန်မိန်းဟုန်-ပန်လုံ လမ်းတိုးချဲ့ဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လမ်းလုပ်ငန်းများ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ဟိုပန်မြို့သို့ ရောက်ရှိပြီး ဒေသခံ ရော်ဘာစိုက်တောင်သူတစ်ဦး၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရော်ဘာစိုက်ခင်းများကိုလည်းကောင်း၊ ဟိုပန်တပ်နယ် ရော်ဘာစိုက်ခင်းကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် လောက်ကိုင်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၅

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၀၂)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ အစိုးရပိုင် စက်သုံးဆီအရောင်းဆိုင်များကို ပုဂ္ဂလိကကဏ္ဍက လုပ်ကိုင်ခွင့်ရရှိတော့မည်၊ ကမ္ဘာ့အဆင့်မီ နေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ် မြန်မာနိုင်ငံတွင် ပထမဆုံးဝန်ဆောင်မှု စတင်တော့မည်၊ ယူအေအီးရှိ ကမ္ဘာ့အကြီးဆုံး Indoor အပန်းဖြေစခန်းအတွက် မြန်မာလုပ်သားများကို လာရောက်ခေါ်ယူမည်၊ ဒုတိယမြောက် ဘောလုံးအကယ်ဒမီကို ပုသိမ်မြို့တွင် ယခုနှစ်အပြီး တည်ဆောက်မည်၊ မြန်မာ့ပထမဆုံး နိုင်ငံတကာအဆင့်မီ ရေပန်းရုပ်ရှင်ကို ပြည်သူ့ဥယျာဉ်၌ တည်ဆောက်နေ၊ ပြည်ထောင်စုနေ့အကြို ပြိုင်ကားမောင်းပြိုင်ပွဲ ပထမဆုံးအကြိမ် ကျင်းပမည်၊ မင်္ဂလာဆောင်နှင့် အပျော်စီးခရီးစဉ်များအတွက် ပြည်တွင်းရေကြောင်းမှ သင်္ဘောစင်းလုံးငှားပေးမည်၊ ဓာတ်ငွေ့သွင်းစနစ်ဖြင့် ရော်ဘာအထွက်တိုးရေး စမ်းသပ်ဆောင်ရွက်နေ၊ ကမ္ဘာ့ဂေါက်သီးအဝေးဆုံးရိုက်နိုင်သူ မြန်မာပြည်၌ လာရောက်သရုပ်ပြမည်၊ အိမ်မွေးတိရစ္ဆာန်ပြိုင်ပွဲတွင် ပြည်ပအကဲဖြတ်ဒိုင်နှစ်ဦး ပထမဆုံးအကြိမ် ပါဝင်ဆောင်ရွက်မည်၊ လူ့ရှင်တော်မေတ္တာ၏ လတ်တလော ကျန်းမာရေး၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပနိုင်ရန် နေပြည်တော်၌ လူသုံးသောင်းဆံ့ ဇမ္ဗူသီရိအားကစားကွင်းကြီး တည်ဆောက်လျက်ရှိ၊ ရေခဲနေသောမြစ်အတွင်း လူပေါင်းနှစ်သိန်းကျော် ငါးသလောက် ဖမ်းပွဲကျင်းပ၊ အဝလွန်သော ခရီးသည်များကို ပြင်သစ်လေကြောင်းလိုင်းက အခကြေးငွေ နှစ်ဆပိုယူမည်၊ မျက်စိမမြင်သည့် ဘွားဘွားက ရောမငါးခူကြီးကို ဖမ်းမိပြီး စံချိန်တင်၊ အနံ ၁၀ပေနီးပါးသာရှိသည့် အိမ်ကို ဒေါ်လာနှစ်သန်းဖြင့် ရောင်းချခဲ့၊ နှလုံးတစ်ခုတည်းသာပါရှိသည့် ရင်ချင်းဆက်အမွှာညီအစ်မကို ခွဲစိတ်တော့မည်၊ ဗိုက်ထဲမှကလေးကို ချော့သိပ်ရန် MP-3 Player များထွက်ပေါ်လာ၊ အဝလွန်သည့် အမျိုးသမီးတစ်ဦး တက်ထိုင်လိုက်၍ ခင်ပွန်းသည်သေဆုံး၊ ခွဲစိတ်မှုပြုလုပ်နေစဉ် ခွဲစိတ်ခန်းအတွင်းသို့ ဥက္ကာခဲပြုတ်ကျလာ၊ အိုစမာဘင်လာဒင်က ခရစ္စမတ်နေ့ လေယာဉ်ဗုံးဖောက်ခွဲရန် ကြံစည်မှုမှာ သူ၏လက်ချက်ဖြစ်ကြောင်း အတည်ပြုပြောကြား၊ ဟေတီငလျင်အပျက်အစီးများအောက်၌ ၁၁ရက်ကြာ ပိတ်မိနေသော်လည်း အသက်မသေ၊ တောင်ပံဝတ်စုံဖြင့် လူ ၆ဦး ကောင်းကင်မှ ခုန်ချပြသခဲ့ရာ ပန်းကန်ပြားပျံများဟု ထင်မှတ်ခဲ့ကြ၊ ကမ္ဘာ့အကြီးဆုံးကိတ်မုန့်ကြီးကို လူနှစ်သိန်းခွဲအား ခွဲဝေပေးခဲ့.... စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချစ်ပိုများနှင့်အတူ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်သဟာယအသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဇန်နဝါရီ ၂၅

ရခိုင်သဟာယအသင်း(ရန်ကုန်)နှင့် ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်)တို့၏ ပညာရည်ချွန်ဆုနှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို မတ် ၆ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်လမ်းရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်ပေးပို့နိုင်

၂၀၀၈-၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရခိုင်ပြည်နယ် ပထမ၊ ဒုတိယ၊ တတိယနှင့် ရခိုင်ပြည်နယ်နှင့် အခြားဒေသများမှ ငါးဘာသာ၊ ခြောက်ဘာသာဂုဏ်ထူးရရှိကြသော ရခိုင်နွယ်ဖွားများ၊ ဂုဏ်ထူးနှစ်ဘာသာနှင့်အထက်ရရှိကြသူ အသင်းဝင်များ၏ သားသမီးများ၊ နိုင်ငံတော်ဗဟိုအဆင့် ပထမနှင့် နိုင်ငံတကာအဆင့် အားကစား၊ စာပေ၊ ဂီတ၊ အနုပညာဆုရရှိကြသူ ရခိုင်နွယ်ဖွားများနှင့် ငွေနှင့် ပစ္စည်းလှူဒါန်းလိုသူများသည် ဖေဖော်ဝါရီ ၂၀ရက် နောက်ဆုံးထား၍ ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးကျော်ရင် ဖုန်း-၀၉-၅၁-၂၆၄၈၉၊ ဦးမျိုးဆွေ ဖုန်း-၀၉-၅၀-၀၁၁၈၀၊ ဦးဇော်အေးမောင် ဖုန်း- ၀၉-၅၁-၄၀၄၀၇၊ ဒေါ်မြဝင်း ဖုန်း-၅၇၃၁၄၃၊ ဒေါ်ဝင်းမေ ဖုန်း-၃၈၇၄၅၁၊ ဒေါ်ရင်ဖြူ ဖုန်း-၅၇၇၇၃၆၊ ဦးသာမြကျော် ဖုန်း-၀၉-၅၁-၅၅၄၁၉၊ ဦးထွန်းနိုင် ဖုန်း-၀၉-၈၅-၁၀၄၀၀၊ ဦးဦးမြင့်ကျော် ဖုန်း-၀၉-၅၀-၆၄၆၅၃နှင့် ရခိုင်သဟာယအသင်းရုံးခန်း အမှတ် ၁၁၅ ပထမထပ် (ညာ) သမိန်ဗရမ်းလမ်း တာမွေအပိုင်းထိပ်အနီး ရန်ကုန်မြို့ ဖုန်း-၄၃၀၁၇၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်လယ်ဝေး စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ငွေ ပေးအပ်ချီးမြှင့်

နေပြည်တော်လယ်ဝေး ဇန်နဝါရီ ၂၅

နေပြည်တော်လယ်ဝေး စစ်မှုထမ်းဟောင်းအဖွဲ့ကဦးဆောင်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကချီးမြှင့်သော အသက် ၇၅နှစ်အထက် စစ်မှုထမ်းဟောင်းများနှင့် တက္ကသိုလ်ဝင်ထူးချွန် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေချီးမြှင့်ပေးအပ်ပွဲကို နေပြည်တော်လယ်ဝေး မီးသတ်ရုံးခန်းမ၌ ဇန်နဝါရီ ၁၉ရက် နံနက် ၉နာရီကကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ စစ်မှုထမ်းဟောင်း တိုင်းကြီးကြပ်ရေးဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲညွှန့်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်လယ်ဝေး စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ဒုတိယဗိုလ်မှူးကြီးရဲညွှန့်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တပ်သား တင်မောင်ထွန်း(ငြိမ်း)၏သား ကံလှ အထကခွဲမှ သုံးဘာသာဂုဏ်ထူးရှင် မောင်တင်ထွန်းအောင်အား ဂုဏ်ပြုဆုငွေကျပ် ၃၀၀၀၀နှင့် အသက် ၇၅နှစ်အထက် စစ်မှုထမ်းဟောင်း ၁၈ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၆၀၀၀၀ ကို တပ်ကြပ်တင်အုန်း(ငြိမ်း) ထံသို့လည်းကောင်း ဒုတိယဗိုလ်မှူးကြီးရဲညွှန့်က ပေးအပ်ချီးမြှင့်သည်။

(အပေါ်ပုံ)

ထို့နောက် အသက် ၇၅နှစ်အထက် စစ်မှုထမ်းဟောင်းများကိုယ်စား တပ်ကြပ်အောင်သန်း(ငြိမ်း)က ကျေးဇူးတင်စကားပြောကြားသည်။ **(မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)**

လသာမြို့နယ် စဥ့်အိုးတန်းလမ်း အမှတ် ၁၁၃နေ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြီးမြင့်(ငြိမ်း) အသက် ၇၉နှစ်မြောက် မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဒေါက်တာဦးလှမြင့်အောင်နှင့် အုပ်ချုပ်ရေးမှူး ဦးပြုံးတို့က လက်ခံယူကြစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ဘိုလီးဗီးယားအစိုးရအဖွဲ့ ကျမ်းသစ္စာ ကျိန်ဆို

လာပက်ဇ် ဇန်နဝါရီ ၂၅

ဘိုလီးဗီးယားနိုင်ငံတွင် အမျိုးသမီးဝန်ကြီးဦးရေ ထက်ဝက်ပါဝင်သည့် အစိုးရအဖွဲ့သစ်အဖြစ် ဇန်နဝါရီ ၂၃ရက်က ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးလက်ခံလိုက်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ယင်းမှာ အမျိုးသား အမျိုးသမီးခွဲခြားခြင်းမရှိ တန်းတူညီမျှဖြစ်စေရေးအတွက် ဘိုလီးဗီးယားနိုင်ငံက ဦးတည်ကြိုးပမ်းဆောင်ရွက်မှု ဖြစ်ကြောင်း ပြသလိုက်ခြင်းဖြစ်သည်။

ပါဝင်လာ

အမျိုးသားများသာတက်ရောက်ခဲ့ကြသော အစိုးရအဖွဲ့အစည်းအဝေးတွင် အမျိုးသမီးဝန်ကြီးများ တက်ရောက်ပါဝင်လာခြင်းမှာ ဘိုလီးဗီးယား သမိုင်း၌ ဤအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်ဟု ဆင်ဟွာက ဖော်ပြထားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အိန္ဒိယနျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ရေး ရုရှားနိုင်ငံမှ ကူညီလျက်ရှိ

မော်စကို ဇန်နဝါရီ ၂၅

ရုရှားနှင့်အိန္ဒိယနှစ်နိုင်ငံ နျူကလီးယားပူးပေါင်းဆောင်ရွက်မှု နှစ်ကာလရှည်စွာ သဘောတူညီမှုအရ အိန္ဒိယနိုင်ငံအနောက်ပိုင်း ဘင်ဂယ်လ်ဒေသ၌ နျူကလီးယားဓာတ်ပေါင်းဖိုရှစ်ခု ထပ်မံတည်ဆောက်ရန် စီစဉ်လျက်ရှိသည်။

အဆိုပါ နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ရေးကို အနည်းဆုံးဓာတ်ပေါင်းဖို ခြောက်ခုနှင့် အများဆုံးရှစ်ခု ဆောက်လုပ်မည်ဖြစ်ကြောင်းကို ဇန်နဝါရီ ၂၂ရက်တွင် ရုရှားပြည်နယ် နျူကလီးယားကော်ပိုရေးရှင်းမှ တာဝန်ရှိသူ ရိုစ့်အက်တွမ်ဆာဂျီကီရီယန်ကို က ပြောကြားသည်။

စီမံဆောင်ရွက်

အိန္ဒိယနိုင်ငံအနေဖြင့် လက်ရှိတွင် နျူကလီးယားဓာတ်ပေါင်းဖို ၁၈ခုမှ နျူစွမ်းအင် ၄ဒသမ၇ဂီဂါဝပ်ထုတ်လုပ်နိုင်ပြီး ၂၀၃၅ခုနှစ်အရောက်၌ နျူစွမ်းအင် ၆၀ဂီဂါဝပ်သို့ တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း အိန္ဒိယစွမ်းအင်ကော်မရှင်မှ အကြီးအကဲ ဆာကူမာဘာနာဂျီးက ပြောကြားသည်။ **(အင်တာနက်)**

ကူဝိတ်နိုင်ငံ ကူဝိတ်စီးတီး၌ ကျင်းပသည့် ကားပြပွဲကို ဇန်နဝါရီ ၂၃ရက်က တွေ့ရစဉ်။

(အဆိုပါကားပြပွဲ၌ ကားစီးရေ ၆၀ ပါဝင်ပြသလျက်ရှိသည်။) **(အင်တာနက်ဓာတ်ပုံ)**

အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် အီရန်၊ အာဖဂန်၊ ယီမင်ကိစ္စ အီတလီနှင့်အမေရိကန် ဆွေးနွေးမည်

ရောမ ဇန်နဝါရီ ၂၅

အီတလီနိုင်ငံခြားရေးဝန်ကြီး ဖရန်ကိုဖရာတီတီနီသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် တွေ့ဆုံပြီး နိုင်ငံတကာပြဿနာရပ်များကို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အတွက် ဆွေးနွေးရန် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီသို့ ဇန်နဝါရီ ၂၅ရက်တွင် သွားရောက်ကြောင်း သတင်းရရှိသည်။

ဆွေးနွေး

ယင်းကဲ့သို့ တွေ့ဆုံဆွေးနွေးရာတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးကိစ္စနှင့် အာဖဂန်နစ္စတန်၊ အီရန်နှင့် ယီမင်နိုင်ငံတို့၏ ကိုင်တွယ်ရခက်ခဲသော အခြေအနေများကို အဓိကထားဆွေးနွေးကြမည် ဖြစ်သည်ဟု အီတလီနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ကြိုတင်ပြင်ဆင်

အဆိုပါဆွေးနွေးပွဲသည် လန်ဒန်မြို့၌ ဇန်နဝါရီ ၂၇ရက်၊ ၂၈ရက်များတွင် ကျင်းပမည့် နိုင်ငံတကာညီလာခံ၌ အဓိကထား ဆွေးနွေးကြမည့်အကြောင်းအရာများအတွက် ကြိုတင်ပြင်ဆင်ခြင်း ဖြစ်သည်ဟု ယူဆရသည်။ **(အင်တာနက်)**

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကမ္ဘာ့အကြီးဆုံးစိုက်ပျိုးရေးထုတ်ကုန်ပြပွဲ ကျင်းပလျက်ရှိသည်ကို ဇန်နဝါရီ ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လမ်းဘေးဗုံးထောင်စဉ် ဗုံးပေါက်ကွဲမှု ဟယ်လ်မန့်ပြည်နယ်၌ တာလီဘန်များသေဆုံး

ကဘူးလ် ဇန်နဝါရီ ၂၅

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ်၌ ဇန်နဝါရီ ၂၂ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် တာလီဘန်လက်နက်ကိုင် ၁၂ ဦးသေဆုံးသည်ဟု ဒေသအာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပေါက်ကွဲ

ယင်းနေ့ညပိုင်းက ဟယ်လ်မန့်ပြည်နယ် ဂါရှိတ်ဒေသ၌ တာလီဘန်လက်နက်ကိုင်တို့ လမ်းဘေးဗုံးထောင်နေစဉ် ဗုံးပေါက်ကွဲသဖြင့် တာလီဘန်လေးဦး သေဆုံးခဲ့သည်။

ကြိုးပမ်း

အလားတူ အာဖဂန်နှင့် နေတိုးဦးဆောင်သော နိုင်ငံစုံလုံခြုံရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)တို့က အခြားသော အကြမ်းဖက်အုပ်စု လမ်းဘေးဗုံးထောင်ရန် ကြိုးပမ်းနေစဉ် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ရှစ်ဦး ထပ်မံသေဆုံးကြောင်း ပြောကြားသည်။

ဖြစ်ပွား

အဆိုပါဒေသသည် တာလီဘန်လက်နက်ကိုင်များ အသေခံဗုံးဖောက်ခွဲ တိုက်ခိုက်မှုနှင့် လမ်းဘေးဗုံး ဖောက်ခွဲမှုများ မကြာခဏဖြစ်ပွားရာ ဒေသဖြစ်သည်။

(အင်တာနက်)

ရုရှားအထူးစီးပွားရေးဇုန်များထူထောင်ရေး ဝန်ကြီးချုပ်ဗလာဒီမာပူတင် ပြောကြား

မော်စကို ဇန်နဝါရီ ၂၅

ရုရှားနိုင်ငံသည် မြောက်ကော်ကေးရှပ်ဒေသတွင် အထူးစီးပွားရေးဇုန်များ ထူထောင်ရန်ကိစ္စကို ထိပ်တန်းဦးစားပေးအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က ဇန်နဝါရီ ၂၃ရက်၌ ပြောကြားသည်။

ဒေသဆိုင်ရာ လူမှုရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ငါးခုရှိကြောင်း မစ္စတာပူတင်က ဒေသဆိုင်ရာမြို့တော် ပြတီဂေါ့၌ ကျင်းပသည့် အစည်းအဝေးတစ်ရပ်တွင် ပြောကြားသည်။

ပြောကြား

နေရာဒေသတိုင်းတွင် နိုင်ငံတော်က ချမှတ်ထားသည့် မဟာဗျူဟာနှင့်အညီ အစီအစဉ်များကို ချမှတ်ဆောင်ရွက်သွားသင့်ကြောင်း၊ အနှစ်သာရပြည့်ဝသည့် မဟာဗျူဟာများ အသေးစိတ်ရေးဆွဲ ချမှတ်လုပ်ဆောင်သွားသင့်ကြောင်းဖြင့်လည်း ရုရှားဝန်ကြီးချုပ်က ပြောကြားသည်။

ဒေသတိုင်းတွင် အထူးစီးပွားရေးဇုန်များ ထူထောင်သင့်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများရရှိရေးအတွက် ပတ်ဝန်းကျင်တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားသင့်ကြောင်းဖြင့်လည်း ပြောကြားသည်။

ရင်းနှီးမြှုပ်နှံ

မိမိတို့လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များတွင် အထူးရင်းနှီးမြှုပ်နှံရေး အစီအစဉ်ရေးဆွဲရန်လည်း ပါဝင်ကြောင်း ၄င်းက ထည့်သွင်းပြောကြားလိုက်သည်။ **(အင်တာနက်)**

အီရတ်စစ်ပွဲ ရုပ်ရှင်ဇာတ်ကား အမေရိကန်ရုပ်ရှင်ထုတ်လုပ်သူများဆုရရှိ

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၅

ဘတ်ဂျက်လျော့နည်းနေသော အီရတ်စစ်ပွဲအကြောင်း ရိုက်ကူးတင်ဆက်ခဲ့သော **“သည်ဟာန့်လော့ကာ”**အမည် ရုပ်ရှင်ဇာတ်ကားကြီးသည် အမေရိကန် ရုပ်ရှင်ထုတ်လုပ်သူများအသင်း၏ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

တင်ဆက်

ဒါရိုက်တာ၊ ထုတ်လုပ်သူ ကတ်သရင် ဘီဂျီလိုက အဆိုပါရုပ်ရှင်ကားကို ရိုက်ကူးထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ အီရတ်နိုင်ငံ၌ အမေရိကန်ဗုံးရှင်းလင်းရေး ကျွမ်းကျင်သူများ တာဝန်ထမ်းဆောင်စဉ် သည်းထိတ်ရင်ဖိုအဖြစ်အပျက်များကို ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်ကြောင်း၊ ယင်းဇာတ်ကားကြီးသည် မတ် ၇ရက်တွင်ချီးမြှင့်မည့် အော်စကာ ရုပ်ရှင်ဆု ပဏာမရွေးချယ်စာရင်း၌ ပါဝင်လိမ့်မည်ဖြစ်ကြောင်း။ ယင်းဇာတ်ကားတွင် အီရတ်၌ မကြာမီက ဖြစ်ပျက်ခဲ့သော ဗုံးခွဲတိုက်ခိုက်မှု အဖြစ်အပျက်နှစ်ရပ်လည်း ပါဝင်ကြောင်း သိရသည်။**(အပေါ်ပုံ)**

ရိုက်ကူးခဲ့

ယင်းဇာတ်ကားကြီးကို ရုပ်ရှင်ထုတ်လုပ်သူ ဒါရိုက်တာ ဘီဂျီလိုက အရှေ့အလယ်ပိုင်းဒေသ၌ ပူပြင်းသော နွေရာသီကာလအတွင်း ရိုက်ကူးခဲ့ခြင်းပင် ဖြစ်သည်။ **အမ်အင်န်အေ၊ ရိုက်တာ**

အီရန်လေယာဉ် အရေးပေါ်ဆင်းသက်ခဲ့ရ ခရီးသည် ၄၆ဦး ဒဏ်ရာရ

တီဟီရန် ဇန်နဝါရီ ၂၅

အီရန်လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်း အမြီးပိုင်းမီးလောင်သဖြင့် ဇန်နဝါရီ ၂၄ရက် နံနက်က မာရှက်လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသဖြင့် ခရီးသည် ၄၆ဦး ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဆုံးဖြတ်

လေယာဉ်မီးလောင်ရခြင်းမှာ ရာသီဥတုဆိုးရွားသည့်အတွက် ဖြစ်ရကြောင်း အီရန်လေကြောင်းလိုင်း အရာရှိများက ပြောကြားသည်။ လေယာဉ်ပေါ်တွင် လူနာတစ်ဦး လိုက်ပါလာသည့်အတွက်လည်း လေယာဉ်မှူးက အရေးပေါ်ဆင်းသက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

(အင်တာနက်)

အိန္ဒိယစီးပွားရေးဖွံ့ဖြိုးမှု ကမ္ဘာ့တတိယအဆင့်၌ နေရာယူဖွယ်ရှိ

နယူးဒေလီ ဇန်နဝါရီ ၂၅

အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် ၂၀၁၂ ခုနှစ်တွင် ဂျပန်နိုင်ငံကို ကျော်လွန်ကာ ကမ္ဘာ့တတိယအဆင့်၌ နေရာယူနိုင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၃ရက်၌ ကမ္ဘာ့စီးပွားရေးလုပ်ငန်းအဖွဲ့က သတင်းထုတ်ပြန်သည်။

ယခင်နှစ် ဒုတိယသုံးလပတ်အတွင်း အိန္ဒိယနိုင်ငံ၏ စီးပွားရေးနယ်ပယ်၌ ၇ဒသမ၉ရာခိုင်နှုန်း တိုးမြင့်လျက်ရှိရာ မျှော်မှန်းထားသည်ထက် ၇ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ဟု ၄င်းနိုင်ငံ၏ ဝန်ကြီးချုပ် မန်မိုဟန်ဆင်း၏ စီးပွားရေးမူဝါဒ ချမှတ်ချက်ကိုကိုးကား၍ အဆိုပါသတင်း၌ ပါရှိသည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်း၏ အကျိုးသက်ရောက်မှုကြောင့် အနောက်နိုင်ငံကြီးများ၌ စီးပွားရေးသည် ကြီးမားသောအခက်အခဲများနှင့် အလုပ်လက်မဲ့ပြဿနာများ ရင်ဆိုင်ကြုံတွေ့လျက်ရှိရာမှ ယခင်နှစ်အတွင်း အိန္ဒိယနှင့် တရုတ်နှစ်နိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပမာဏ မြင့်တက်လျက်ရှိသည်။

ထုတ်လုပ်နိုင်

ကမ္ဘာ့နိုင်ငံများ၌ တရုတ်နိုင်ငံ၏ ဖက်စပ်စီးပွားရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုတန်ဖိုးသည် ၂၀၃၀ခုနှစ်အရောက်၌ ၁၉ရာခိုင်နှုန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အဗာတာရုပ်ရှင်ကား ဝင်ငွေစံချိန်တင်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၅

အဗာတာဟု အမည်ပေးထားသော ရေခဲပြင်စွန့်စားခန်း ရုပ်ရှင်ဇာတ်ကားသည် ကမ္ဘာကျော် ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည့် တိုက်တန်းနစ်ရုပ်ရှင်ကားကဲ့သို့ ဝင်ငွေစံချိန်တင်ခဲ့သည်။

အဆိုပါ ဇာတ်ကားကို မြောက်အမေရိကန်နှင့် ကမ္ဘာတစ်ဝန်းပြသခဲ့ရာ စတင်ပြသသည့် ခြောက်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ဒသမ ၈၄၁ဘီလီယံရရှိခဲ့ကြောင်း၊ ယင်းဝင်ငွေမှာ ၁၉၉၇-၁၉၉၈ခုနှစ်က ထုတ်လွှင့်ပြသခဲ့သော တိုက်တန်းနစ်ရုပ်ရှင်ဇာတ်ကား၏ ဝင်ငွေ ၁ဒသမ ၈၄၃ဘီလီယံထက် ကျော်လွန်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ ရိုက်တာ

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

ရုရှား – ပိုလန်စစ်ပွဲ

၁၆၅၄ - ၁၆၆၇ ခုနှစ်

တိုး
ရေးသားသည်

ပိုလန်လစ်သူယေးနီးယား နေသဟာယအဖွဲ့ကို ယူကရိန်းကော့ဆက်မှ ခမဲနစ်စကီးက ပုန်ကန်ရာတွင် ရုရှား-ပိုလန်စစ်ပွဲစတင်ခြင်း ဖြစ်သည်။ ကော့ဆက်ခေါင်းဆောင် ဘိုဒန်ခမဲနစ်စကီးမှာ ရုရှားထံမှ အဓိကနိုင်ငံခြားထောက်ပံ့မှုရရှိသဖြင့် သစ္စာခံရန် ကတိပေးထားသည်။ ပိုလန်ကိုဆန့်ကျင်ရာ၌ ကော့ဆက်တို့ဘက်၌ ရုရှားက ၁၆၅၃ခုနှစ်တွင် ပါဝင်ရန် နှစ်ဦးနှစ်ဖက်သဘောတူလိုက်သောအခါ ရုရှား-ပိုလန်စစ်ပွဲသည် ရှောင်လွှဲ၍ မရနိုင်တော့ပေ။

၁၆၅၄ခုနှစ် ဇူလိုင်လတွင် ဇာဘုရင်၏အင်အား ၄၁၀၀၀ရှိ ရုရှားတပ်များသည် နယ်စပ်ရှိ ဘယ်လီ၊ ဒိုရိုဂိုဘုဇ်မြို့များကို သိမ်းလိုက်ပြီး စမိုလင့်ကိုဝိုင်းထားသည်။ ဇာဘုရင်၏ ရုရှားတပ်ဆိုသော်လည်း ရုရှားတပ်များကို မင်းသားချာကက်စကီ၊ မင်းသား နီဘီကီ တာအိုဒိုအက်စကီးနှင့် မင်းသားအင်ဒရီဖိုဗန်စကီးတို့က ကွပ်ကဲခြင်းဖြစ်သည်။

ရုရှား-ပိုလန်စစ်ပွဲ (၁၆၅၄-၁၆၆၇) သရုပ်ဖော် ပန်းချီကား

ချေမှုန်း

လစ်သူယေးနီးယားမင်းသားရက်ဇီဝီလ်၏ အင်အား ၁၀၀၀၀ရှိတပ်က အနောက်ဘက် ကပ်လျက်ရှိသည့် အော်ရှာမြို့ကို သိမ်းထားသမျှကာလပတ်လုံး စမိုလင့်မြို့ကို ရုရှားတပ်များဝိုင်းထားရခြင်းမှာ ရတက်မအေးစရာဖြစ်သည်။ သို့ဖြင့် ချာကက်စကီ၏ ရုရှားတပ်က ရှာလော့ဗ်အနီးတွင် ရက်ဇီဝီလ်၏ တပ်ကိုချေမှုန်းလိုက်သည်။ စမိုလင့်မြို့သည် ၁၆၅၄ ခုနှစ် စက်တင်ဘာ ၂၃ရက်တွင် ရုရှားတပ်များလက်သို့ ကျသွားရသည်။

ထိုအတောအတွင်း မင်းသားထရူဘက်စကော့ဗ်၏ ရုရှားတောင်ဘက်စစ်ကြောင်းသည် ဘရိုင်ယန့်မှ ယူကရိန်းသို့ ချီတက်သည်။ ထရူဘက်စကော့ဗ်၏တပ်များက အမ်စတစ်လက်နှင့် ရော့စလက်တို့ကို သိမ်းယူပြီး သူ၏ယူကရိန်းမဟာမိတ်တပ်များက ဟိုးမဲကို သိမ်းလိုက်ခြင်းအားဖြင့် နီပါနှင့် ဘီရီဇီနာအကြားရှိ နယ်မြေတစ်ကျောကို လျင်မြန်စွာသိမ်းသွင်းလိုက်သည်။ ရုရှားမြောက်ဘက်စစ်ကြောင်း တပ်မှူးရှာရီမက်တက်၏ တပ်များက ပီစကော့မှ စတင်ချီတက်ပြီး ဇူလိုင် ၁ရက်၊ ဇူလိုင် ၁၇ရက်နှင့် နိုဝင်ဘာ ၁၇ရက်များတွင် နီဗယ်၊ ပိုလော့ဗ်နှင့် ဗီတက်လစ်သူယေးနီးယားမြို့ သုံးမြို့ကို အသီးသီး သိမ်းလိုက်သည်။ ထို့နောက် ချက်ချင်းပင် ဇာဘုရင်၏ရုရှားတပ်များသည် လစ်ဗိုးနီးယား ခေါ်သည့် ပိုလန်မြို့ကို ဝိုင်းလိုက်ပြီး အခိုင်အခံ့တပ်စွဲလိုက်သည်။ တစ်ချိန်တည်းမှာပင် ခမဲနစ်စကီးနှင့် ဘူတာလင်တို့၏ပူးတွဲတပ်များက ဗိုလီးနီးယားကို တိုက်ခိုက်သည်။ တပ်မှူးများအကြား သဘောထားချင်း မတိုက်ဆိုင်သည့်ကြားမှပင် သူတို့သည် နှစ်ကုန်တွင် အော့စထော့နှင့် ရော့ဗိုမြို့ကို သိမ်းယူသည်။

၁၆၅၅ခုနှစ် ဆောင်းရာသီနှင့် နွေဦးရာသီတွင် ဘီလာရုဇ်၌ ရက်ဇီဝီလ်က တန်ပြန်ထိုးစစ်ဆင်ပြီး အော်ရှာကိုပြန်သိမ်းကာ မိုဂီယော့ဗ်ကို ဝိုင်းထားသည်။ သုံးလကြာ ဝိုင်းထားသော်လည်း မထူးခြားပေ။ ဇန်နဝါရီလတွင် တာတာတို့နှင့် မဟာမိတ်ဖွဲ့ထားသည့် ပိုလန်ဒုတိယတပ်မတော်က ရှာရှ်ကော့ဗ်မှ ရုရှားနှင့် ယူကရိန်းတပ်ဖွဲ့များကို တိုက်ထုတ်စဉ် အာမာတော့ဗ်ရှိ ပိုလန်တပ်များကို ရှာရီမက်တက်နှင့် ခမဲနစ်စကီးတို့၏ တပ်များက ချေမှုန်းပစ်လိုက်သည်။

အောင်နိုင်

ထိုသို့သော ပိုလန်တပ်မတော်၏ ဆောင်ရွက်ချက်ကြောင့် ရုရှားဇာဘုရင်မှာ ပြန်လည်ထိုးစစ်ဆင်နွှဲရန် အလောတကြီးစီစဉ်ရတော့သည်။ ကော့ဆက်တပ်များနှင့် ချာကက်စကီ၏ ရုရှားတပ်များက လစ်သူယေးနီးယားတို့၏ ခုခံတိုက်ခိုက်မှုအနည်းငယ်ရင်ဆိုင်ရပြီးနောက် ဇူလိုင် ၃ ရက်တွင် မင့်မြို့ကို သိမ်းလိုက်သည်။ ဗီလ်နီးယက်မြို့ကိုလည်း ရုရှားတပ်များက ဇူလိုင် ၃၁ ရက်တွင် သိမ်းပိုက်နိုင်သည်။ ဩဂုတ်လတွင် ကောနပ်နှင့် ဟရိုနိုမြို့တို့ကိုပါ ရုရှားတပ်က အောင်နိုင်သည်။

မင်းသား ဗိုကွန်စကီး၏တပ်သည် ကီးယက်မှ နစ်ပါနှင့် ပရိုဗက်အထိ လာရာလမ်းတစ်လျှောက်ရှိ လစ်သူယေးနီးယားတပ်များကို ချေမှုန်းခဲ့သည်။ ရှာရီမက်တက်က ဇွန် ၁၇ ရက်တွင် ဗီလစ်ကိုသိမ်းစဉ် ထရူဗက်စကော့၏တပ်က ဆလိုနင်နှင့် ကလက်ကို သိမ်းလိုက်သည်။ ခမဲနစ်စကီးနှင့်ဘူတာလင်တို့က စက်တင်ဘာလတွင် ပိုလန်မြို့တစ်မြို့ဖြစ်သော အယ်ဝေါင်းကိုတိုက်ခိုက်ပြီး လပ်ဘလင်ကို ဝင်ရောက်ခဲ့သည်။

ပိုလန်နေသဟာယအတွင်းသို့ ရုရှားတပ်များ ဝင်ရောက်ခြင်းဖြင့် ဆွီဒင်နိုင်ငံက ၁၆၅၅ခုနှစ်တွင် ပိုလန်နိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်သည်။

အကူအညီပေး

၁၆၅၇ခုနှစ်တွင် ခမဲနစ်စကီးကွယ်လွန်သောအခါ အီဗန်ဗီဟော့စကီးက ရာထူးဆက်ခံသည်။ ပိုလန်နှင့်မဟာမိတ်ဖွဲ့သည်။ သူက ဆွီဒင်ကျူးကျော်တပ်များကို တွန်းလှန်သည်။ ထိုအခြေအနေတွင် ဇာဘုရင်က ဆွီဒင်နှင့်စာချုပ်ချုပ်ဆို နားလည်မှုရသွားပြီး ၁၆၅၈ခုနှစ် အောက်တိုဘာလတွင် ပိုလန်တပ်များအား အားသွန်ခွန်စိုက် တိုက်ခိုက်နိုင်သည်။ ကော့ဆက်ခေါင်းဆောင်အများအပြားသည် ဘက်ပြောင်းသွားပြီး ရုရှားနိုင်ငံကို ဆောင်းရာသီထိုးစစ်ဆင်ရာ၌ ပိုလန်တပ်များအား အကူအညီပေးလာသည်။

မြောက်ပိုင်းတွင် ဗီးနီးယပ်မြို့ကို ရန်သူကပိတ်ဆို့ရန် ကြိုးပမ်းမှုကို မင်းသားယူရီဒိုဂိုရူကော့ဗ်က တားဆီးနိုင်သည်။ တောင်ပိုင်းတွင် ယူကရိန်းခေါင်းဆောင် ဗီဟော့စကီးမှာ ကီးယက်ကိုသိမ်းရန်ကြိုးပမ်းသော်လည်းမအောင်မြင်ပေ။ နောက်ပိုင်း ရှာနီမက်တက်၏ တပ်များနှင့် ရင်ဆိုင်တွေ့ရာရှုံးနိမ့်ပြီးနောက် ပိုလန်သို့ထွက်ပြေးသည်။ ကော့ဆက်များက သူ့အစား ခမဲနစ်စကီး၏သား ယူရီးကို ခေါင်းဆောင်တင်သည်။

ကျူးကျော်

၁၆၆၀ပြည့်နှစ်တွင် ပိုလန်တို့ကအသာစီးရပြီး အခြေအနေပြောင်းလာသည်။ ပိုလန်ထိုးစစ်ကြောင့်ဘီလာရုဇ်မှ ရုရှားတပ်များ ထိုနှစ်အကုန်တွင် ဆုတ်ခွာပေးရသည်။ ၁၆၆၁ခုနှစ်တွင် ဗီးနီးယပ်ကို ပြန်သိမ်းသည်။ ၁၆၆၁ခုနှစ်ကုန်တွင် ပိုလန်တပ်များက နီပါကိုဖြတ်ကျော်ပြီး ယူကရိန်းကို ကျူးကျော်သည်။ သို့သော် ဂလူကော့ဗ်ကို ဝိုင်းသောအခါ အထိနာခဲ့သည်။ မည်သို့ပင်ဖြစ်စေ ၁၆၆၄ခုနှစ် နွေရာသီတွင် ရုရှားတပ်များ အထိနာသည်။ ထိုနှစ် ငြိမ်းချမ်းရေးစေ့စပ်ပွဲကို ၁၆၆၇ခုနှစ် ဇန်နဝါရီအထိ အချိန်ဆွဲပြီး ဂျာဇီလူဘိုမာစကီးက ပိုလန်တို့ကို ပုန်ကန်သောအခါ ပိုလန်တို့အနေဖြင့် အင်ဒရူဆိုဗိုစာချုပ်ကို မဖြစ်မနေချုပ်ဆိုလိုက်ရသည်။ သို့ဖြင့်ပိုလန်က စမိုလင့်နှင့်ကီးယက်အပါအဝင် လက်ဘင့်ယူကရိန်းကို ရုရှားတို့လက်သို့ ထိုးအပ်လိုက်ရသည်။ **ကိုးကား-အင်တာနက်**

မြောက်ဥက္ကလာပမြို့နယ် အမှတ် (၉)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက်က ကျင်းပရာ ဒုတိယတန်းမှ ပထမဆုရ မဝင့်သဉ္ဇာကျော်အား လက်ထောက်မြို့နယ်ပညာရေးမှူးဦးလှဟန်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

အင်္ဂလိပ်စာမိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်မြို့ရှိ တက္ကသိုလ်များ၏ အင်္ဂလိပ်စာဌာနများမှ အငြိမ်းစားယူခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ဖုန်း-၅၀၁၅၄၇၊ ကိုအုန်းဝမ် ဖုန်း-၃၇၅၈၅၆ (လိုင်းခွဲ-၅၀၉)၊ ကိုမြတ်သူဝင်း ဖုန်း-၂၂၂၉၂၃၊ ၀၉-၅၁၀၃၇၂၅၊ ကိုအာသာ ဖုန်း-၂၀၂၀၄၆၊ ၀၉-၅၀၄၄၂၆၇၊ ကိုဇော်ဝင်း ဖုန်း-၅၂၂၀၇၃၊ ၀၉-၅၁၂၈၈၅၉၊ ကိုထွန်းလင်း ဖုန်း-၀၉-၅၁၃၄၅၂၅၊ ကိုအောင်နိုင်မိုး ဖုန်း-၅၄၉၆၄၄၊ ၀၉-၅၀၂၀၄၇၈၊ မအေးမွန်(ခ) Alice ဖုန်း-၀၉-၅၁၁၉၈၅၈နှင့် မကက်သလင်းသိန်း ဖုန်း-၀၉-၅၀၂၆၄၇၀တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၃၅)**

တောင်ကုတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က အထက ပညာရတနာခန်းမ၌ ကျင်းပရာ ထူးချွန်ဆုရရှိသော အလယ်တန်းပြ ဆရာမ ဒေါ်မူမူသိန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်ခင်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

ယီမင်မြောက်ပိုင်းကို ဆော်ဒီလေကြောင်းမှတိုက်ခိုက်

ယီမင်နိုင်ငံမြောက်ပိုင်းဒေသများကို ဆော်ဒီအာရေဗျတပ်ဖွဲ့က လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့သဖြင့် ခုနစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားကြောင်း ဒေသမီဒီယာများက ဇန်နဝါရီ ၂၄ရက်တွင် သတင်းထုတ်ပြန်သည်။ ဆော်ဒီအာရေဗျလေတပ်သည် ယီမင်နိုင်ငံမြောက်ပိုင်းကို ယခုရက်ပိုင်းအတွင်း ခြောက်ကြိမ်တိုင် စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟုလည်း သတင်းတွင် ဖော်ပြသည်။ **(အောက်ပုံ)**

အိန္ဒိယရေတပ်သင်္ဘောများ တိုးချဲ့ဖွဲ့စည်းမည်

အိန္ဒိယရေတပ်သည် လျင်မြန်စွာ ပစ်ခတ်တိုက်ခိုက်နိုင်သည့် ရေတပ်သင်္ဘောများကို ပိုမိုတိုးတက်ကောင်းမွန်အောင် တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အိန္ဒိယရေတပ်က ဇန်နဝါရီ ၂၄ ရက်တွင် ကြေညာသည်။ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ကို ၂၀၀၈ ခုနှစ်တွင် တိုက်ခိုက်ခံရပြီးနောက် ယင်းကဲ့သို့ကြေညာခြင်းဖြစ်သည်ဟု ပီတီအိုင်သတင်းဌာနက ဖော်ပြသည်။

ဆောက်လုပ်ရေးအလုပ်သမားများ သတ်ဖြတ်ခံရ

ယခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ပီရူးနိုင်ငံတွင် ဆောက်လုပ်ရေးအလုပ်သမားခြောက်ဦးအား သတ်ဖြတ်ခဲ့ခြင်းကြောင့် တင်းမာမှုများဖြစ်ပွားနေကြောင်း ပီရူးမီဒီယာက ဇန်နဝါရီ ၂၄ရက်၌ သတင်းထုတ်ပြန်သည်။ ပီရူးနိုင်ငံတွင် ၂၀၀၈ခုနှစ်ကတည်းကစ၍ ဆောက်လုပ်ရေးအလုပ်သမားများအား သတ်ဖြတ်ခဲ့ရာ ယခုအချိန်အထိ သတ်ဖြတ်ခံရသူ ဆောက်လုပ်ရေးအလုပ်သမား ၄၉ဦးရှိသွားပြီဖြစ်သည်ဟု သိရသည်။

အီသီယိုးပီးယား ခရီးသည်တင်လေယာဉ်ပျက်ကျ

ခရီးသည်၈၅ဦးထက်မနည်း တင်ဆောင်လာသော အီသီယိုးပီးယားလေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်းသည် ဇန်နဝါရီ၂၅ရက်က လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့မှပျံတက်ပြီး မကြာမီအချိန်၌ မြေထဲပင်လယ်ထဲသို့ ထိုးကျသွားကြောင်း အယ်ဂျာဇီးရားတီဗွီ အစီအစဉ်က ကြေညာသည်။ ယင်းလေယာဉ်ပျက်ကျမှုကြောင့် ၂၃ဦးသေဆုံးသွားကြောင်း သိရသည်။

အစ္စရေးလျော်ကြေး ကုလသမဂ္ဂလက်ခံမှု ပြစ်တင်

ကုလသမဂ္ဂသည် လွန်ခဲ့သော တစ်နှစ်ကျော်ကာလက ဂါဇာကမ်းမြောင်ဒေသတွင် ဖြစ်ပွားခဲ့သည့်စစ်ပွဲအတွင်း ကုလသမဂ္ဂအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရမှုနှင့် ပတ်သက်၍ အစ္စရေးကပေးသောလျော်ကြေးကို လက်ခံခဲ့ပြီးနောက် နိုင်ငံရေးမကောင်းသတင်းများ ထွက်ပေါ်လာကြောင်း ပါလက်စတိုင်းလွှတ်တော်အမတ်တစ်ဦးဖြစ်သူ ဟူဆန်အယ်လ်တာဝီက ဇန်နဝါရီ ၂၄ ရက်၌ ပြစ်တင်ဝေဖန်လိုက်သည်။

ဒိုဟာမြို့တွင် ဒါဖာငြိမ်းချမ်းရေး ဆွေးနွေး

ဆူဒန်အစိုးရနှင့် ဒါဖာသူပုန်လှုပ်ရှားမှုအဖွဲ့တို့အကြား နောက်ထပ်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ကာတာနိုင်ငံ ဒိုဟာမြို့၌ ဇန်နဝါရီ ၂၄ရက်က စတင်ကျင်းပကြောင်း ကာတာသတင်းဌာန(ကျူအင်န်အေ)က သတင်းထုတ်ပြန်သည်။ ဆူဒန်နိုင်ငံ ဒါဖာဒေသတွင် ရေရှည်တည်တံ့ပြီး အနှစ်သာရပြည့်ဝသော ငြိမ်းချမ်းရေးသဘောတူစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ယင်းဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်သည်။

ဖလူးဂျာ၌ ဗုံးပေါက်ကွဲ၊ အလောင်းရှစ်လောင်းတွေ့ရှိ

တစ်ချိန်က စစ်မက်များဖြစ်ပွားကာ မတည်မငြိမ်ဖြစ်နေခဲ့သော အီရတ်နိုင်ငံ ဖလူးဂျာမြို့အနီးတွင် ဇန်နဝါရီ ၂၄ရက်က ဖြစ်ပွားသော ဗုံးခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အလောင်းရှစ်လောင်းကို တွေ့ရှိရကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

အီဂျစ်၌ A(H1N1)ရောဂါဖြင့် သေဆုံးသူ ၂၄၈ ဦးရှိ

အီဂျစ်နိုင်ငံတွင် A(H1N1) တုပ်ကွေးရောဂါကြောင့် ဇန်နဝါရီ ၂၄ရက်က လေးဦးသေဆုံးသွားရာ အီဂျစ်နိုင်ငံတစ်နိုင်ငံလုံး ယင်းရောဂါကြောင့် သေဆုံးသူ ၂၄၈ ဦးရှိသွားပြီဖြစ်ကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်သည့် သတင်းကြေညာချက်၌ ဖော်ပြထားသည်။

ဆိုမာလီယာနှင့် ဆူဒန်အရေး ကမ်ပါလာ၌ ဆွေးနွေး

စစ်မက်ဖြစ်ပွားပြီး မငြိမ်မသက်ဖြစ်နေသော ဆိုမာလီယာနိုင်ငံနှင့် ဆူဒန်ဒါဖောဒေသအကြောင်းကို ယူဂန္ဓာနိုင်ငံကမ်ပါလာမြို့၌ ဇန်နဝါရီ ၂၄ရက်က စတင်ကျင်းပသည့် အစ္စလာမ္မစ်ညီလာခံအဖွဲ့ (အိုအိုင်စီ)အစည်းအဝေးအစီအစဉ်တွင် အဓိကထားဆွေးနွေးကြလိမ့်မည်ဖြစ်ကြောင်း ယူဂန္ဓာလွှတ်တော်အမတ်နှင့် အစည်းအဝေးကျင်းပရေးအဖွဲ့ဝင် ဟူစိန်ကျန်ဂျီက ပြောကြားသည်။

လက်ဘနွန်၌ ပါလက်စတိုင်းစစ်ရေးလေ့ကျင့်မှု ငြင်းဆို

ပါလက်စတိုင်း လွတ်မြောက်ရေးစစ်ဌာနချုပ် ပေါ်ပြူလာတပ်ဦး (ပီအက်ဖ်အယ်လ်ပီ-ဂျီစီ)သည် လက်ဘနွန်နိုင်ငံတွင် တစ်ရက်တာစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်ဆိုသည်မှာ မဟုတ်မမှန်ကြောင်း အဆိုပါ ပီအက်ဖ်အယ်လ်ပီ-ဂျီစီက ဇန်နဝါရီ ၂၄ရက်၌ ငြင်းဆိုသည်ဟု ဒေသဆိုင်ရာ ဇဟိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

(အင်တာနက်)

ကမ်းလွန်အပိုင်း ပိုက်ခင်းခြင်း ပညာရှင်များနှင့် ညှိနှိုင်းပြီး သေချာစွာပြုလုပ် ပွင့်လင်းရာသီ အချိန်ကိုက်ပြီးစီးရေး နေ့စဉ်ကြပ်မတ်ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇန်နဝါရီ ၂၅ရက် နံနက်ပိုင်းတွင် မြန်မာ့ကမ်းလွန်၌ ၂၄လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းခင်းခြင်း စတင်ဆောင်ရွက်လျက်ရှိသည့် Swiber Conquest Pipe Lay Barge ပိုက်ခင်း သင်္ဘောပေါ်သို့ ရောက်ရှိပြီး သင်္ဘောပေါ်ရှိ အစည်းအဝေးခန်းမ၌ ကမ်းလွန်အပိုင်း ပိုက်ခင်းခြင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသော Swiber Conquest သင်္ဘော၏ Superintendent Mr.Ed. Farner နှင့် Project Manager Mr.Rajesh Parchal တို့က လက်ရှိဆောင်ရွက်လျက်ရှိသော ပိုက်ခင်းခြင်းအခြေအနေများကို တင်ပြသည်။ ဝန်ကြီးက ကမ်းလွန်အပိုင်း ပိုက်ခင်းခြင်းလုပ်ငန်းများ၏ သတ်မှတ်ထားသည့် နည်းစဉ်အဆင့်ဆင့်နှင့် စပ်လျဉ်း၍ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီး Technically ရာနှုန်းပြည့် စိတ်ချသေချာစွာပြုလုပ်ရန်၊ ပင်လယ်ပြင်တွင် ပိုက်ခင်းခြင်းလုပ်ငန်းများအား ပွင့်လင်းရာသီ အတွင်း လျာထားချက်များအတိုင်း အချိန်ကိုက်ပြီးစီးရေးအတွက် ၂၄နာရီပတ်လုံး သတ်မှတ်နှုန်းထားအတိုင်းရအောင် နေ့စဉ်ကြပ်မတ် ကြိုးပမ်းသွားရန်မှာကြားသည်။

တွေ့ဆုံအားပေး

ထို့နောက် ဝန်ကြီးသည် Pipe Lay Barge သင်္ဘောပေါ်ရှိ ၂၄လက်မ ကမ်းလွန် သဘာဝဓာတ်ငွေ့ပိုက်များ ဂဟေဆော်ခြင်း၊ ဂဟေဆော်ပြီးသည့် ပိုက် Joint များအား Automatic Ultra Sonic Test စနစ်ဖြင့် ဂဟေသားများစစ်ဆေးခြင်း **(အောက်ယာပုံ)**၊ ပိုက်လိုင်း Joint များ သံချေးစားခြင်းမှ ကာကွယ်စေရန် Heat Shrink Sleeve Coating ပြုလုပ်ခြင်း၊ နောက်ဆုံးအဆင့်ဖြစ်သည့် ပင်လယ်ရေအောက်တွင် ပိုက် Joint များ ပိုမိုခိုင်ခံ့စေရန် Foam Injection ပြုလုပ်ခြင်းနှင့် အဆင့်အားလုံး ဆောင်ရွက်ပြီးစီးသည့် ပိုက်တွဲများအား ပင်လယ်ရေအောက်ကြမ်းပြင်သို့ လျှောချခြင်းတို့ကို လှည့်လည်စစ်ဆေးကြည့်ရှုကာ သင်္ဘောပေါ်ရှိ ထိန်းချုပ်ရေးခန်းမ၌ ပညာရှင်များအား တွေ့ဆုံအားပေးသည်။

ယင်းနောက် ဝန်ကြီးသည် ကမ်းလွန်ပိုက်များ ကမ်းပေါ်စတက်မည့် ဒေါ်ငြိမ်း Land Fall ရှိ Pipe Line Center တည်ဆောက်နေမှု၊ ဒေါ်ငြိမ်းနှင့် ဖျာပုံကြား ၂၄ လက်မ ပိုက်လိုင်းခင်းနေမှုနှင့် ဖျာပုံမြစ်အား HDD (Horizontal Directional Drilling) စက်အသုံးပြုပြီး ပိုက်လိုင်းတူးဖောက် ဆက်သွယ်နေမှု အခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

စတင်ဆောင်ရွက်

၂၄လက်မ ကမ်းလွန် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းခင်းခြင်းလုပ်ငန်းသည် ကုန်းတွင်းပိုင်း အရှည် ၈၆မိုင်ခန့်နှင့် ကမ်းလွန်ပိုင်း အရှည် ၉၃မိုင်ခန့် စုစုပေါင်း ၁၇၉မိုင်ခန့်ရှိသည်။ ယခုအခါ ကုန်းတွင်းပိုင်း ပိုက်ခင်းခြင်း မိုင် ၅၀ခန့် ပြီးစီးကာ ကမ်းလွန်ပိုင်း ပိုက်ခင်းခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၃ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းအားလုံး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်ပြည်ဖွား သမားညီလာခံ

* ကျန်းမာခြင်းလာဘ် မြတ်ဆုရရန်
ရောဂါဘေးဆိုး ရိုက်ချိုးတော်လှန်
ခြသေ့်သုံးစီး အပြီးခြံရုံ။
မြန်ပြည်အကျိုး ပွားတိုးဆောင်ရွက်မှန်။

* ဆတက်ထမ်းပိုး ကြိုးစားဖန်ဖန်
ငါးဆယ့်ခြောက် အကြိမ်မြောက်ခဲ့ပြန်
ဆရာဝန်များ ကိုယ်စားပြုကြေကန်
မြန်ပြည်ဖွား သမားညီလာခံ။ ။

ဒေါက်တာသန်းဦး

အထက(၃)ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၅

အထက(၃) ကြည့်မြင်တိုင် (ယခင် ၇ကျုံး)ကျောင်းတွင် ၁၉၉၅ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော အသက်၆၀ နှင့်အထက် အငြိမ်းစားယူပြီးသော ဆရာကြီး ဆရာမကြီးတို့အား ကျောင်းသား ကျောင်းသူဟောင်းများက စုပေါင်း၍ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် ကျောင်းစကားဖြူခန်းမ၌ ကျင်းပရန် စီစဉ်ထားသည်။ ပူဇော်ပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများအပြင် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးမြင့်သန်း ဖုန်း-၀၉-၅၁-၀၁၀၉၂၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၁-၃၂၀၃၆၊ ဦးမောင်လှ ဖုန်း-၀၉-၈၀-၂၃၅၇၉၊ ဦးချာလီမောင် ဖုန်း-၀၉-၉၀-၃၂၀၅၁၊ ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀-၁၄၂၆၄၊ ဦးဌေးဝင်း (ရုပ်မြင်)ဖုန်း-၀၉-၅၁-၈၅၆၅၇၊ ဦးမြင့်ဦး ဖုန်း-၀၉-၅၀-၈၁၀၈၈၊ ဒေါ်ဌေးရီ (ဆရာမ) ကျောင်းဖုန်း- ၀၁-၂၂၀၃၈၀၊ ဦးတင်စိန် ဖုန်း-၀၁-၅၂၅၃၁၃၊ ဦးအောင်မြင့် ဖုန်း-၀၉-၅၁-၉၀၈၄၂၊ ဒေါ်ကြည်ကြည်အေး ဖုန်း-၀၁-၅၂၆၂၃၆နှင့် ဦးတင်ဝင်း (တင်ဝင်းလေး ကြည့်မြင်တိုင်) ဖုန်း-၀၉-၅၀-၅၀၂၈၀၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

❐ *ကျောဖုံးမှ*

ပြီးခဲ့သော ဆီးဂိမ်းဘောလုံးပြိုင်ပွဲတွင် မြန်မာယူ-၂၃အသင်းမျှော်မှန်းခဲ့သလို အောင်မြင်မှုမရှိခဲ့၍ မြန်မာအသင်းသားများနည်းတူ ကြိတ်မနိုင်ခဲမရ ခံစားနေခဲ့ရသော မြန်မာပရိသတ်များအတွက် လာမည့်လအတွင်း AFC Challenge Cup ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်းအနေအထားက စိတ်ဝင်တစား စောင့်ကြည့်ချင်စရာ ဖြစ်နေခဲ့သည်။ အသက်ကန့်သတ်ချက်မရှိ၍ မြန်မာယူ-၂၃ အသင်းထက် ပိုမိုတောင့်တင်းသော မြန်မာ့လက်ရွေးစင်အသင်းကို အဆိုပါပြိုင်ပွဲတွင် အောင်မြင်မှုရနိုင်လိမ့်မည်ဟုလည်း ဘောလုံးပရိသတ်များက မျှော်လင့်ကြသည်။ မြန်မာအသင်းကို ဆက်လက်ကိုင်တွယ်နေသည့် ခရိုအေးရှားနည်းပြ Mr. Drago Mamic အနေဖြင့်လည်း လာမည့် AFC Challenge Cup ပြိုင်ပွဲတွင်မည်ကဲ့သို့သော အောင်မြင်မှု မျိုးရရှိအောင် ကြိုးစားစွမ်းဆောင်သွားမည်ကိုလည်း ပရိသတ်များကစိတ်ဝင်တစား စောင့်ကြည့်နေကြသည်။

စီစဉ်ပေးထား

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကမူ ယခု AFC Challenge Cup ပြိုင်ပွဲတွင် မြန်မာအသင်းအောင်မြင်မှုရရှိရေးအတွက် လိုအပ်သည့်ပံ့ပိုးမှုများကိုအကောင်းဆုံး ဆောင်ရွက်ပံ့ပိုးပေးထားသလို ယင်းပြိုင်ပွဲအကြိုကာလတွင် မြန်မာအသင်းအတွက် လိုအပ်သည့် နိုင်ငံတကာခြေစမ်းပွဲများကစားခွင့်ရအောင် စီစဉ်ပေးထားရာ ယနေ့တွင် တောင်ကိုရီးယားနိုင်ငံ အူလ်ဆန်တက္ကသိုလ်လက်ရွေးစင်ဘောလုံးအသင်းနှင့် ကစားရမည့်ခြေစမ်းပွဲအပါအဝင် ပြိုင်ပွဲကြိုကာလအတွင်း အနည်းဆုံး ခြေစမ်းပွဲသုံးပွဲခန့် ကစားရန်စီစဉ်ထားသည်။

စောင့်ကြည့်ရမည်

အူလ်ဆန်တက္ကသိုလ်အသင်းနှင့် ခြေစမ်းကစားမည့် ပဏာမ မြန်မာ့လက်ရွေးစင်အသင်းတွင် ပြီးခဲ့သည့် ဆီးဂိမ်းအသင်းမှ အဓိကကစားသမားများ အပါအဝင် MNL အမှတ်ပေးပြိုင်ပွဲတွင် အထူးခြေစွမ်းပြခဲ့သော စီနီယာလက်ရွေးစင် ကစားသမားများပါ ပါဝင်၍ ပိုမိုတောင့်တင်းမှာ သေချာသည့်အပြင် ယခု ခြေစမ်းပွဲမှ AFC Challange Cup ပြိုင်ပွဲအတွက် နောက်ဆုံးဆန်ကာတင်လူရွေးချယ် မည့် အနေအထားရှိ၍ ကစားသမားအားလုံးမှ မိမိတို့တွင်ရှိသည့် ခြေစွမ်းကို အစွမ်းကုန် ထုတ်ပြကြမည်မှာလည်း သေချာသည်။ အထူးသဖြင့် အသက် ၂၃နှစ်ကျော် သွားသော်လည်း ခြေစွမ်းနှင့် ကစားအားအကောင်းဆုံး အနေအထားရှိနေသေးသည်ဟု ပြသလိုသော စီနီယာကစားသမားများ၏ ကြိုးစားအားထုတ်မှုကို ယခုခြေစမ်းပွဲ၌ ပရိသတ်များ ခံစားကြည့်ရှုအကဲဖြတ်ခွင့်ရကြမည် ဖြစ်သည်။

မြန်မာအသင်းနှင့် ခြေစမ်းကစားမည့် အူလ်ဆန်အသင်းမှာလည်း တောင်ကိုရီးယားနိုင်ငံမှ ဘောလုံးသမားများဖြစ်၍ မြန်မာအသင်းကို အလွယ်တကူအလျှော့ပေးမည်မဟုတ်ပေ။ အာရှထိပ်တန်းနိုင်ငံတစ်ခုမှ အသင်းတစ်သင်း ဖြစ်၍သူတို့၏ ဂုဏ်သိက္ခာအတွက် ယခုပွဲကို ခြေစမ်းပွဲပင်ဖြစ်သော်လည်း အစွမ်းကုန် ကြိုးစားကစားမည်မှာလည်း သေချာသည်။

ဆွဲဆောင်မှုရှိနေ

၂၀၀၉ခုနှစ် ဇန်နဝါရီလအတွင်းက မြန်မာနိုင်ငံသို့လာရောက်ဖူးပြီး ထိုစဉ်က မြန်မာလိဂ်ထိပ်တန်းကလပ်များဖြစ်သော ဘဏ္ဍာ/အခွန်၊ စီးပွား/ကူးသန်းနှင့် ကမ္ဘောဇအသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့ဖူးရာ ခြေစွမ်းရော ရလဒ်ပိုင်းပါ အတော်ကောင်းခဲ့၍ ယခု လာမည့်အသင်းမှာလည်း တောင့်တင်းသော အသင်းကောင်းတစ်သင်းဖြစ်မှာ သေချာ သည်။ ယခု အူလ်ဆန်တက္ကသိုလ်အသင်းတွင် ကစားသမား စုစုပေါင်း ၂၆ဦးအထိ ပါဝင်နေသောကြောင့် ကစားမည့် ခြေစမ်းပွဲနှစ်ပွဲတွင် မြန်မာအသင်းအပေါ် အသာစီးရ အောင် မည်ကဲ့သို့ပွဲထုတ် ကစားသွားမည် ဆိုသည်မှာလည်း စိတ်ဝင်စားစရာကောင်းလှသည်။

ထို့အတူ AFC Challenge Cup ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် အစွမ်းကုန်ပြင်ဆင်လေ့ကျင့်လျက်ရှိသော မြန်မာအသင်း၏ခြေစွမ်းအနေအထားကိုလည်း ယခုပွဲတွင် စတင် အကဲဖြတ်ရတော့မည်ဖြစ်သည်။ အထူးသဖြင့် ခရိုအေးရှား နည်းပြအနေဖြင့် လက်ရွေးစင်အသင်းကြီးကို မည်ကဲ့သို့ ပုံဖော်ကိုင်တွယ် မောင်းနှင် သွားမည်လဲဆိုသည်ကို ယခုခြေစမ်းပွဲမှစ၍ စောင့်ကြည့် အကဲဖြတ်ရပေတော့မည်။ ထို့ကြောင့် **ယနေ့** ညနေ ၄နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားမည့် ပဏာမ မြန်မာ့လက်ရွေးစင် အသင်းနှင့် ကိုရီးယား အူလ်ဆန်တက္ကသိုလ်အသင်းတို့၏ နိုင်ငံတကာ ချစ်ကြည်ရေး ခြေစမ်းပွဲကြီးမှာ ပရိသတ်များလာကြည့်ရကျိုးနပ်မည့် ပွဲကောင်းတစ်ပွဲ ဖြစ်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ။ **(မြန်မာ့အလင်း)**

■ *ရှေ့ဖုံးမှ*

ကြိုက်ရောင်းကြိုက်ဝယ်

"ကျွန်တော်တို့ ဒီလက်ကား ကုန်စည်ဒိုင်ကြီးကို ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုကိုခံယူပြီး ၂၀၀၇ခုနှစ် စက်တင်ဘာ ၁၈ ရက်က စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဒီလက်ကား ကုန်စည်ဒိုင်ကြီးကို ဖွင့်လှစ်ပေးခဲ့ခြင်းကြောင့် ဒေသတွင်းမှာရှိတဲ့ တောင်သူတွေအနေနဲ့ မိမိတို့ရဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေကို ဒီဈေးကြီးမှာ လွတ်လပ်စွာရောင်းချနိုင်ကြပါတယ်။ ဒီလိုရောင်းချခွင့်ရှိတာကြောင့် တောင်သူတွေရဲ့ ရောင်းကုန်ပစ္စည်းအပေါ်မှာ ဈေးနှိမ်ဝယ်ယူတာမရှိတော့ တောင်သူတွေအနေနဲ့ ကြိုက်ရောင်းကြိုက်ဝယ်ဈေးနဲ့ သီးနှံထွက်ကုန်တွေ ရောင်းချရတော့ အကျိုးစီးပွား အများကြီးရှိပါတယ်"ဟု လားရှိုးမြို့ လက်ကားကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးစိုင်းထွန်းတင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ကျွန်တော်တို့ ဒီလက်ကားကုန်စည်ဒိုင်ကြီးမှာ မကွေးကုန်စည်ဒိုင်၊ မန္တလေးကုန်စည်ဒိုင်နဲ့ တောင်ကြီးကုန်စည်ဒိုင်တို့မှ နေ့စဉ်သီးနှံပေါက်ဈေးနှုန်းတွေကိုလည်း ထုတ်ပြန်ပေးပါတယ်။ ဒါ့အပြင် တရုတ်ယွမ်ငွေနဲ့ မြန်မာကျပ်ငွေတို့ရဲ့ ပေါက်ဈေးတို့ကိုလည်း ကြေညာပေးပါတယ်။ ကျွန်တော်တို့ ဒီဒေသက တောင်သူတွေဟာ ပြောင်းဖူးနဲ့ နံ့စားပြောင်း အများဆုံးစိုက်ပျိုးကြပါတယ်။ ထွက်ရှိလာတဲ့ ပြောင်းတွေကို ဒီလက်ကားဈေးကြီးမှ တစ်ဆင့် နေ့စဉ်မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည်ဈေးကွက်သို့ တင်ပို့ရောင်းချကြပါတယ်။ လားရှိုးလက်ကား ကုန်စည်ဒိုင်အနေနဲ့ ၂၀၀၉ခုနှစ် စက်တင်ဘာလမှစပြီး ပြောင်းများတင်ပို့ရောင်းချခဲ့ရာ ၂၀၁၀ ခုနှစ် ဇန်နဝါရီလလယ်အထိ တန်ချိန် ၄၀၂၆၀တန် တင်ပို့ရောင်းချပြီးသွားပါပြီ။ ရှမ်းပြည်နယ် (မြောက်ပိုင်း) တစ်ခုလုံးအနေနဲ့ ပြောင်းတင်ပို့မှုမှာ တန်ချိန် ၁၁၈၀၉၇တန် ရှိပါတယ်။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်မှာ ဒီလက်ကားကုန်စည်ဒိုင်က ပြောင်းတန်ချိန် ၃၄၂၆၁တန် တင်ပို့ခဲ့တာကြောင့် ယခုနှစ်မှာပိုပြီး တင်ပို့လာနိုင်ပါတယ်။ ဒီလို ပြောင်းတင်ပို့မှု တစ်နှစ်ထက် တစ်နှစ် များလာတာဟာလည်း ဒေသနေတောင်သူတွေ လွတ်လပ်စွာ ရောင်းချခွင့်ရှိတာကြောင့် တစ်နှစ်ထက်တစ်နှစ် ပြောင်းကို တိုးချဲ့ စိုက်လာကြပါတယ်။ ပြီးတော့ စိုက်ချိန်ပျိုးချိန်မှာ ငွေကြေးအရင်းအနှီးနည်းတဲ့ တောင်သူတွေကို စိုက်စရိတ် ထုတ်ချေးပေးပါတယ်"ဟု ဦးစိုင်းထွန်းတင်က မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

"လားရှိုးကုန်စည်ဒိုင်မှ တင်ပို့လျက်ရှိသော ကုန်စည်များမှာ ပြောင်းတစ်မျိုးတည်းသာမဟုတ်ဘဲ ပဲပုပ်စေ့၊ နှမ်း၊ မြေပဲ၊ ပန်းနှမ်းတို့ကိုလည်း တရုတ်ဈေးကွက်နဲ့ ချိတ်ဆက် တင်ပို့ရောင်းချပေးလျက်ရှိပါတယ်။ ဒီလက်ကား ကုန်စည်ဒိုင်ကြီးမှာ ရောင်းသူဝယ်သူ ပဋိပက္ခတွေကိုလည်း ဝိုင်းဝန်းဖြေရှင်းပေးပါတယ်"ဟု ဦးစိုင်း ထွန်းတင်က ဆက်လက်ရှင်းပြသည်။

တင်ပို့နိုင်ခဲ့

အဆိုပါ လက်ကားကုန်စည်ဒိုင်ကြီးမှ ယခုနှစ်အတွင်း ပြောင်းတန်ချိန် ၄၀၂၆၀ တန် တရုတ်သို့ တင်ပို့နိုင်ခဲ့ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခုလုံးအနေနဲ့ ယခုနှစ်ပြောင်းတင်ပို့မှုမှာ ၁၁၈၀၉၇တန် ရှိကြောင်း၊ အခြားသော လယ်ယာထွက်ကုန်များကိုလည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

လားရှိုးလက်ကား ကုန်စည်ဒိုင်ကြီး ဖွင့်လှစ်ပေးခဲ့ခြင်းကြောင့် တောင်သူတွေအတွက် အကျိုးစီးပွား ပိုမို ကောင်းမွန်စေပါတယ်။
ဦးစိုင်းထွန်းတင်
လားရှိုးကုန်စည်ဒိုင်ဥက္ကဋ္ဌ

နှစ်ဖက်အကျိုး

ဤလားရှိုးလက်ကား ကုန်စည်ဒိုင်ကြီးကို ဖွင့်လှစ်ခဲ့သည့် သက်တမ်းနုနယ်သေးသော်လည်း ဒေသတွင်း ကုန်သည်လုပ်ငန်းရှင်များ၊ တောင်သူများ ယခင်ရောင်းဝယ် ဖောက်ကားနေသော သီးနှံထွက်ကုန်များ ပွဲရုံများသို့ သွားရောက်ရောင်းချခြင်းမရှိတော့ဘဲ ကုန်စည်ဒိုင်မှာ ရောင်းဝယ်နေတာဖြစ်၍ ရောင်းသူဝယ်သူနှစ်ဦးနှစ်ဖက် အကျိုးများစေခဲ့သည်။

သို့ပါ၍ လားရှိုးလက်ကား ကုန်စည်ဒိုင်ကြီးသည် ယနေ့ နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသည့် စီးပွားရေး ဦးတည်ချက် တစ်ရပ်ဖြစ်သော ဈေးကွက်စီးပွားရေး စနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်လျက်ရှိပါကြောင်း ကွင်းဆင်းမေးမြန်း ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

လားရှိုးကုန်စည်ဒိုင်အတွင်း ထုတ်ပြန်ထားသော အခြားကုန်စည်ဒိုင်များမှ ကုန်စည်ဈေးနှုန်းများ။ (မြန်မာ့အလင်း)

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသော ကော်မတီအဖွဲ့များ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပညာရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားတွင် တက်ရောက်လာကြသည့် ဂုဏ်ပြုခံပညာရှင် ပုဂ္ဂိုလ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်၏ သတင်းနှင့် ပြန်ကြားရေးတာဝန်၊ စာပေနှင့် အနုပညာတာဝန်များ ပြန်ကြားရေးဝန်ကြီးဌာနသည် မူဝါဒများနှင့်အညီ အကောင်အထည်ဖော်လျက်ရှိ

စာပေနှင့်အနုပညာရှင်များ ကာယ၊ ဉာဏအားဖြင့် အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသော ကော်မတီအဖွဲ့များ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(အေ)ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက် အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကော်မတီအဖွဲ့များ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသော ပညာရှင်များ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ သတင်းနှင့် ပြန်ကြားရေးတာဝန်၊ စာပေနှင့် အနုပညာဆိုင်ရာ တာဝန်များကို မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စာပေနှင့်အနုပညာ၊ ပညာရှင် ဆရာ ဆရာမကြီးများက ကာယအား၊ ဉာဏအားဖြင့် အစဉ်တစိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ကျေးဇူးတင်ဂုဏ်ပြု အမှာစကားပြောကြားသည်။

ပါဝင်ဆောင်ရွက်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာန ရည်မှန်းချက် တာဝန်များ အကောင်အထည်ဖော်ရာတွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသော ကော်မတီအဖွဲ့များ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့တွင် ပါဝင်သော ပညာရှင်များ၊ စာပေဗိမာန် စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တွင် ပါဝင်သော ပညာရှင်များ၊ ပခုက္ကူဦးအုံးဖေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့တွင် ပါဝင်သော ပညာရှင်များ၊ ၂၀၀၈ ခုနှစ် မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့၊ ၂၀၀၈ ခုနှစ် ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့တွင် ပါဝင်သော ပညာရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ဟောင်းတေးသီချင်း စိစစ်ရေးအဖွဲ့၊ ခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့၊ မြန်မာသီချင်းကြီး ဂီတရွေးချယ်စိစစ်ရေးအဖွဲ့တို့တွင် ပါဝင်သော ပညာရှင်များနှင့် မြန်မာ့ရည်ညွှန်းကျမ်း စိစစ်ရေးအဖွဲ့တွင် ပါဝင်သော ပညာရှင်များ စုစုပေါင်း ဂုဏ်ပြုခံပညာရှင် ၁၂၉ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ ကော်မတီအဖွဲ့များအလိုက် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဂုဏ်ပြုခံ ပညာရှင်များ ကိုယ်စား ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးမြင့်သိန်း၊ ဦးမောင်လှိုင်၊ ဒေါ်ပိုပိုကြည်၊ ဦးမင်းနောင်နှင့် ဒေါက်တာသော်ကောင်းတို့က လက်ခံကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသော ကော်မတီအဖွဲ့များ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပညာရှင်များကိုယ်စား ဒေါက်တာသော်ကောင်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ယင်းနောက် ဂုဏ်ပြုခံ ပညာရှင်များ ကိုယ်စား မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဂုဏ်ပြုခံပညာရှင် ပုဂ္ဂိုလ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

မြန်မာနယူးစ်ဝိခ် ယခုအပတ်ထုတ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၅

'စာဖတ်သူတွေကို အများမသင်မိစေရန် ဂျာနယ်လစ်ဆရာကြီးများအနေဖြင့် အမှန်ကို လှော့လာကြစေလို' သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၁၃)ကို ဖြန့်ချိထားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက CDMA ဝါယာလက်စ်အော်တိုတယ်လီဖုန်း (CDMA 800MHz) ထုတ်ယူခွင့်လက်မှတ်များ စတင်ထုတ်ပေးနေ၊ အင်ဖာ-မန္တလေး ဘတ်စ်ကားလမ်းပြေးဆွဲရေးအတွက် အိန္ဒိယအစိုးရထံမှ ခွင့်ပြုချက်ရရန် စောင့်ဆိုင်းနေ၊ မြန်မာနိုင်ငံအတွက် ဂျပန်အစိုးရက အကူအညီများပေးရန်ကမ်းလှမ်း၊ ကမ္ဘာလှည့်ခရီးသည်များ မိုရေးနှင့်တမူးရှိ လူဝင်မှုကြီးကြပ်ရေးရုံးမှတစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ခွင့်ဗီဇာ ထုတ်ယူရရှိတော့မည်၊ ပြည်သူ့ရင်ပြင်ကို ရေပန်းရုပ်ရှင်အပါအဝင် အဆင့်မြင့်ခေတ်မီကစားကွင်းအဖြစ် တိုးမြှင့်ဆောင်ရွက်သည့် လုပ်ငန်းများစတင်လုပ်ဆောင်လျက်ရှိ၊ ကျပ်သိန်းပေါင်း ၂၅၀၀၀ အကုန်ကျခံ၍(MCDC)မှ တစ်ရက်လျှင် ရေဂါလန် ၁၀သန်း ဖြန့်ဝေပေးနိုင်မည့် ရေတွန်းစက်ရုံတည်ဆောက်မည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်က နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၁၁၀အား ရောင်းချမည်၊ အမြင့်ကားအမျိုးအစား ၄၂၅စီးပါဝင်သည့် နေပြည်တော် လေလံပွဲတွင် ဈေးပြိုင်အိတ်ပိတ်ဖွင့်ဖောက်မည့် အစီအစဉ်များ၊ စွယ်တော်မြတ်စေတီအနောက်ဘက်ရှိ စီမံကိန်းနယ်မြေတွင် ကျူးကျော်ဝင်ရောက်နေထိုင်သူများ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ရွှေပြည်သာ (ဝါးတရာ)တွင် မြေကွက်များပေး၍ အပြီးသတ် ဖယ်ရှားရှင်းလင်းမှုများပြုလုပ်လျက်ရှိ၊ Online Visa Application စနစ်(၂၀၁၀) ဖေဖော်ဝါရီလမှစ၍ စတင်ကျင့်သုံးတော့မည်၊ ရေဝေးသုသာန်တွင် သင်္ဂြိုဟ်ခများခုနစ်ဆ ဈေးတက်သည်မှာ ကောလာဟလသာဖြစ်၊ အမေရိကန်ဒုံးကျည် အစီအစဉ်အပေါ် စစ်ရေးချိန်ခွင်လျှာညီရန် ရုရှားရေတပ် အင်အားမြှင့်တင်မည်၊ တောင်ကိုရီးယား၏ လက်ဦးမှုယူတိုက်ခိုက်ရန် ကြိုးစားခြင်းကို မြောက်ကိုရီးယားမှစစ်ကြေညာခြင်းဟု သတ်မှတ်၊ အီရန်အား အစ္စရေးက တိုက်ခိုက်မည်ဆိုပါက ကမ္ဘာ့စီးပွားရေး ကျဆင်းထိခိုက်လာဖွယ်ရှိ စသည့်နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိထားသည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိသည်။

(သတင်းစဉ်)

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် ဒီဇင်ဘာ ၉ရက်က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်များနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်း၍ သရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မြင့်တို့ ကြည့်ရှုကြစဉ်။

(မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ **အလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေး** တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန)
- ၆း၄၀ ဓမ္မစကြာ တရားဦးဟောရာ မိဂဒါဝုန်မှာ သံဝေဂရယူပါ
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV_4 ကာတွန်းအစီအစဉ်
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂)
- ၈း၃၀ Sports World (Air Race)
- ၈း၅၅ လျှပ်စစ်လိုင်းများ ဖြတ်သန်းစီးဆင်းစေရာ (အပိုင်း-၁)
- ၉း၁၅ ကောင်းကင်နှင့် ကောင်းကင်တစ်ခြမ်း
- ၉း၃၀ Sunday Talk
- ၁၀း၃၀ Activities in the City (ဓာတုဗေဒမိသားစု၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ)
- ၁၀း၅၀ Cartoon Show Time (BROTHER BEAR 2)
- ၁၁း၃၀ မြန်မာ့လက်မှု ယွန်းအနုပညာ
- ၁၁း၅၅ အလှတွင်အယဉ်ဆင့် ထူးခြားတဲ့ ချိတ်အဆင်
- ၁၂း၀၀ တေးဂီတအစီအစဉ်
- ၁၂း၂၀ အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အထိမ်းအမှတ် အကောက်ခွန်ဆိုင်ရာ သိကောင်းစရာများ
- ၁း၀၀ **အလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေး** တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Fashion Music Festival Rock ကမ်းခြေ
- ၃း၂၀ Activities in the City (ဓာတုဗေဒမိသားစု၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ)
- ၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂)
- ၄း၁၀ Galaxy က ကြီးမှူးကျင်းပသော မြန်မာနိုင်ငံ၏ ပထမဆုံး ပြိုင်ကားမောင်းပြိုင်ပွဲ
- ၄း၃၀ ပညာစကျွ အလင်းပြစေတဲ့အလှူ
- ၄း၅၅ လျှပ်စစ်လိုင်းများဖြတ်သန်း စီးဆင်းစေရာ (အပိုင်း-၁)
- ၅း၁၀ ကောင်းကင်နှင့် ကောင်းကင်တစ်ခြမ်း
- ၅း၃၀ World of Knowledge (World Greenest Home)
- ၅း၅၀ Celebrity Style (သရုပ်ဆောင် နဝရတ်ရဲ့ Celebrity Style)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အထိမ်းအမှတ် အကောက်ခွန်ဆိုင်ရာ သိကောင်းစရာများ
- ၇း၀၀ Fashion Music Festival Rock ကမ်းခြေ
- ၇း၄၀ Yangon Media Group ပဥ္စမအကြိမ် နှစ်ပတ်လည် အခမ်းအနား
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Cartoon Show Time (BROTHER BEAR 2)
- ၉း၂၀ Celebrity Style (သရုပ်ဆောင် နဝရတ်ရဲ့ Celebrity Style)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂)
- ၁၀း၀၀ Yangon Media Group ပဥ္စမကြိမ် နှစ်ပတ်လည်အခမ်းအနား
- ၁၀း၁၅ အလှတွင် အယဉ်ဆင့် ထူးခြားတဲ့ချိတ်အဆင်
- ၁၀း၂၅ Miss Now How 2009 ရွေးချယ်ပွဲ
- ၁၀း၄၀ **အိမ်တွင်းပုန်းများမကြည့်ရ** နေတိုး၊ သက်မွန်မြင့်၊ (ဒါရိုက်တာ-ဇာဏီထက်လင်း)
- ၁၀း၅၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ဆိတ်၊သိုး၊ မွေးမြူရေးနှင့် Export လုပ်ငန်း)
- ၁၁း၀၅ နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန်
- ၁၁း၂၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၁၀	Wolverhamton-Liverpool	ESPN(Live)
၂း၂၄	Tottenham-Fulhum	ESPN(Live)
၂း၂၄	Tottenham-Fulhum	MRTV-4(Live)

Capital Hypermarket ၏ ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

Capital Hypermarket၏ Promotion Area တွင် အိပ်ခန်းအလှဆင်ရန် Furniture & Bedding၊ ရေချိုးခန်းသုံးပစ္စည်းများ၊ ရေခဲသေတ္တာ၊အဝတ်လျှော်စက်၊ Vacuum Cleaner, မီးပူအစရှိသော အိမ်သုံး လျှပ်စစ်ပစ္စည်းများ၊ Microwave, Blender, Electric Thermo Pot, Rice Cooker အစရှိသော မီးဖိုချောင်သုံး လျှပ်စစ်ပစ္စည်းများ၊ မျက်နှာကြက်များ၊ ခန်းဆီးလိုက်ကာများ၊ ဆိုဖာဆက်တီများ၊ ကော်ဇော၊ အလှပန်းအိုး၊ ရုံးခန်းသုံးစားပွဲခုံ၊ ထိုင်ခုံများ၊ အိမ်တွင်းအလှဆင်မီးများ ဖြစ်သော မီးဆိုင်းများ၊ မီးသီးများနှင့် အိမ်သုတ်ဆေး အစရှိသည့် အိမ်အလှဆင်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ကျင်းပမည်

ပါဝင်ရောင်းချမည့် Brand များမှာ Panasonic, INAX, ငွေကျားတိုက်၊ Scene, စိန်နှင့်မြမွေ့ရာ ပရိဘောဂ၊ LEECO, Carpet World စသည်တို့ဖြစ်သည်။ ဇန်နဝါရီ ၂၇ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ My Dream Home; Interior Design & Deco Fair 2010 ကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း
အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အက်စ်အမ် ကရစ်ရှနားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း
ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားရေးဝန်ကြီး မစ္စတာစတီဖင်စမစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၃ရက်က တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ မိုးနဲ-ကျိုင်းတုံရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ကျိုင်းတုံ-မိုင်းဆတ်လမ်းပိုင်း လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-စာ ၁၂) (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကော့သောင်း-ဘုတ်ပြင်း-မြိတ်လမ်းပိုင်း စစ်ဆေး
ဆီအုန်းစိုက်ခင်းနှင့် ဆီအုန်းပျိုးပင်တို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဇန်နဝါရီ ၂၃ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ကော့သောင်း-ဘုတ်ပြင်းလမ်းပိုင်း လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် ဘုတ်ပြင်းမြို့သို့ ရောက်ရှိပြီး တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်နှင့်မိသားစုဝင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ မှာကြားကာ တိုင်းမှူးက မိသားစုဝင်များအတွက် စားသောက်ကုန်များနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် ကော့သောင်း-ဘုတ်ပြင်း-မြိတ် လမ်းပိုင်းအခြေအနေများ၊ လမ်းတစ်လျှောက် တံတားများကြံ့ခိုင်မှုအခြေအနေ၊ ရေထုတ်ပြွန်များ ဆောင်ရွက်ထားရှိမှု၊ ဆီအုန်းစိုက်ခင်းနှင့် ဆီအုန်းပျိုးပင်တို့ကို မော်တော်ယာဉ်ဖြင့်ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကော့သောင်း-ဘုတ်ပြင်း လမ်းပိုင်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ဇော် ကော့သောင်း-ဘုတ်ပြင်း လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အောက်ပိုင်းဒေသများ၌ မိုးအနည်းငယ်ရွာဖွယ်

နေပြည်တော် ဇန်နဝါရီ ၂၅

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မြိတ်မြို့တွင် ဝ.၀၃ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၂၆ရက်ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း
အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဆက်

နေပြည်တော် ဇန်နဝါရီ ၂၅

၂၀၁၀ခုနှစ် (၅၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ ညနေပိုင်းတွင် ဧရာဝတီတိုင်းအတွင်းရှိ သတ်မှတ်ဇုန်များ၌ ဆက်လက်ကျင်းပရာ ဟင်္သာတဇုန် ၌ မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ မြောင်းမြဇုန်၌ မန္တလေးတိုင်းအသင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး ပုသိမ်ဇုန်၌ တနင်္သာရီတိုင်းအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ရှစ်ဂိုးစီ သရေနှင့် မအူပင်ဇုန်၌ ကချင်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ နှစ်ဂိုးစီ သရေဖြစ်သွားကြသည်။

ယှဉ်ပြိုင်

ပြိုင်ပွဲများကို ဇန်နဝါရီ ၂၆ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ ဟင်္သာတဇုန်၌ ရန်ကုန်တိုင်းအသင်းနှင့် ပဲခူးတိုင်းအသင်း၊ မအူပင်ဇုန်၌ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းနှင့် ချင်းပြည်နယ်အသင်း၊ မြောင်းမြဇုန်၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းနှင့် စစ်ကိုင်းတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နန်းမြို့ဂေါက်ကွင်း၌ တစ်ချက်တည်း ကျင်းဝင်ခဲ့

မန္တလေး ဇန်နဝါရီ ၂၅

မန္တလေး နန်းမြို့ဂေါက်ကွင်းတွင် ဇန်နဝါရီ ၂၄ရက် နံနက်က အတူကစားဖော် ဦးမြင့်နိုင်(ကော်ပီမန္တလာ)၊ ဦးနွဲ့ဦးမောင်၊ ဦးဇော်ဇော်ဝင်း၊ ဦးနေဝင်းလွင်တို့နှင့် ဂေါက်သီးရိုက်ကစားနေစဉ် ဦးကျော်စွာဝင်း(ဒိုင်းမွန်းရတနာဆိုင်)သည် ကိုက် ၁၂၀ ကွာဝေးသော ကျင်းအမှတ် (၄)တွင် **Srixon No.1** ဂေါက်သီးအား **Ping Iron-9** ဂေါက်တံဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ (၁၆၂)

ရာဇူဒိုင်တံတားအမှတ်(၁) တည်ဆောက်ရေးလုပ်ငန်းများ
ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇန်နဝါရီ ၂၄ရက်က မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်း လမ်းပေါ်ရှိ ရာဇူဒိုင်တံတားအမှတ်(၁) တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ရာဇူဒိုင်တံတား အမှတ်(၁)နှင့် အမှတ်(၂)တို့ကို ဆက်သွယ်ဖောက်လုပ် ထားသည့် လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် ကျိုက်ပိဘက်ကမ်း ချဉ်းကပ်လမ်း မြေကြီးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တံတားပြီးသည်နှင့် ချဉ်းကပ်လမ်းပြီးစီးရေး၊ တံတားကိုလည်း စံချိန်စံညွှန်းများနှင့်အညီ အမြန်ပြီးစီးရေးတို့ကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

CLMV စားပွဲဝိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံဦးဆောင်၍ နေပြည်တော်၌ ကျင်းပခဲ့သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်(CLMV) နိုင်ငံများအတွင်း ယဉ်ကျေးမှုဆက်စပ်ပေါင်းစည်းခြင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် အနုပညာ ဝန်ကြီးများ၏ စားပွဲဝိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်လေ့လာကြပြီး ရွှေတိဂုံစေတီတော်သို့လည်း သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ပို့ဆောင်နှုတ်ဆက်

ကမ္ဘောဒီးယား၊လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်ထွက်ခွာသွားရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ဂန့်ဂေါမြို့ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၂၉ရက်က မြို့မဈေးရှေ့တွင် ပြုလုပ်ရာ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများအင်အား ၈၀ခန့်ဖြင့်ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကန်ဒိုလျန်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား

၂၆-၁-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၅ ၅။ ဇီးချောင်းရေလျှောင်တမံ
၈:၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၇။ **ကျော်သွားမှာလား ဖော်စားမှာလား**
၈:၃၀ ၈။ အတီးပြိုင်ပွဲ
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ အဆိုပြိုင်ပွဲ
၄:၁၅ ၃။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄:၃၀ ၄။ ကြေးမုံရိပ်သွင် တေးနုယဉ်

ကော့သောင်း-ဘုတ်ပြင်း လမ်းပိုင်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ဇော် ကော့သောင်း-ဘုတ်ပြင်း လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

...ဆေး

...ဖွံ့ဖြိုးရေး ...လမ်းပိုင်း

...သများ၌ မိုးအနည်းငယ်ရွာဖွယ်

...ပြည်တော် ဇန်နဝါရီ ၂၅

...ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ...ရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ...ယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း ...န်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့က ...ဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်နှင့် ...ရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ...်ကိုင်းတိုင်းအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှ ...်တီဂရိတ် လျော့နည်းခဲ့ပြီး ကယားပြည်နယ်၊ ကရင် ...ပြည်နယ်၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်း ...ျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီ ...များတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ...ာ မြိတ်မြို့တွင် ဝဒသမ ဝဧလက်မ ဖြစ်သည်။

...ခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် ...ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော် ...ဖြစ်ထွန်းနေသည်။

...ထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ...ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီ ...မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ...ည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

...လှိုင်းအသင့်အတင့်ရှိမည်။

...န့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ...ယ်ရွာနိုင်သည်။

...စ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်...

...ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ...နှုန်း ၄၀ ဖြစ်သည်။

...ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

...သင်းနှင့် ...င်းမြဇုန်၌ ...သင်းနှင့် ...ပြိုင်ကစား ...တင်းရရှိ ...င်းစဉ်)

...ရ့တွင် ...မ်းများ ...ဖြိုးနယ် ...ပင်)

* ကျောဖုံးမှ

နိုင်ငံခြားငွေရရှိနေသော ဒေသထွက်ကုန် ငါး၊ ပုစွန်နှင့် ကဏန်းလုပ်ငန်းများလည်း ရှိသည်။ ထို့ကြောင့်လည်း ဈေးကွက်စီးပွားရေး စနစ်နှင့်အညီ လှိုင်းဘုန်းသည် နာမည်ကြီးလှသည်။

ကြိတ်ကြိတ်တိုး

လှိုင်းဘုန်းစံပြကျေးရွာမှ ပဲ့ထောင်ရေယာဉ်ထွက်တော့ နံနက် ၇နာရီရှိပြီ ဖြစ်သည်။ လှိုင်းဘုန်းဆိပ်ကမ်းတစ်လျှောက် ငါး၊ ပုစွန်နှင့် ကဏန်း အဝယ်ဒိုင်များသို့ လာရောက်ရောင်းချကြသော လှေ၊ သမ္ဗန်၊ မော်တော်များ ပိတောက်ရွှေဝါ ဈေးလမ်းမကြီး တစ်လျှောက် ဈေးရောင်းဈေးဝယ်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားနေချိန် ဖြစ်သည်။

ထွန်းသစ်စ နေရောင်ခြည်သည် ယုက်ဖြာလျက် လှိုင်းဘုန်းစံပြကျေးရွာပေါ်သို့ လွှမ်းခြုံကျရောက်နေသည်။ ဧရာမင်းသည် သာယာလှပ ဖွံ့ဖြိုးတိုးတက်နေသော လှိုင်းဘုန်းစံပြကျေးရွာကို ဖြတ်ကျော်လျက် ခနီချောင်းစံပြကျေးရွာသို့ ခရီးဆက်နေသည်။ ခနီချောင်းနှင့် စာရေးသူ မရင်းနှီးပါ။ ယခင်က ဖြတ်သွားဖြတ်လာရှိခဲ့သော်လည်း ကျေးရွာငယ်ကလေးအဆင့်သာရှိသော ခနီချောင်းသို့ မရောက်ဖြစ်ခဲ့ချေ။

ဖွံ့ဖြိုးတိုးတက်မှု

ယခုတော့ ဤသို့မဟုတ်ပြီ။ ခနီချောင်းက စံပြကျေးရွာ ဖြစ်နေပြီဖြစ်သည်။ ခနီချောင်း၏ ဖွံ့ဖြိုးတိုးတက်စည်ပင်သာယာမှုများကို ပြည်သူများထံ တင်ပြနိုင်ရန်အတွက် စာရေးသူတို့ သတင်းအဖွဲ့သည် ခနီချောင်းစံပြကျေးရွာသို့ သွားရောက်ခဲ့ပါသည်။

နံနက် ၇နာရီခွဲတွင် ခနီချောင်းစံပြကျေးရွာသို့ ရောက်ရှိခဲ့ပါသည်။ ခနီချောင်း ချောင်းအတွင်းမှ လှမ်းမျှော်ကြည့်ရှုလိုက်သောအခါ သွပ်မိုးဖွေးဖွေးဖြင့် နေအိမ်အဆောက်အအုံများကို အစီအရီ မြင်တွေ့ရသည်။ ချောင်းကမ်းပါးနှင့်နီးမည်ဟု မှန်းဆရသော်လည်း တကယ်တမ်း ခနီချောင်းကျေးရွာပေါ်သို့ တက်ကြည့်လိုက်သောအခါမှ ခနီချောင်းသည် မြစ်ကမ်းနှင့် အတော်ဝေးဝေးတွင် တည်ဆောက်ထားသည်ကို တွေ့မြင်ကြရသည်။

ရုပ်လုံးဖော်

"ကျွန်တော်တို့ ခနီချောင်းစံပြကျေးရွာက ကျေးရွာတွေ စုပေါင်းတည်ဆောက်ထားတဲ့ စံပြကျေးရွာကြီးလို့ ပြောရင် ရပါတယ်။ စုစည်းနေထိုင်ခြင်း၊ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ကျေးရွာသားချင်း ရင်းနှီးချစ်ကြည်ခြင်းနဲ့ စုပေါင်းဆောင်ရွက်တတ်ခြင်းစတဲ့ ကောင်းမြတ်သော ဓလေ့ကောင်းများကို တစ်နေရာတည်းမှာ ရုပ်လုံးဖော်ထားတာ ဖြစ်ပါတယ်။ ယခင်က ကြက်လျှာကျေးရွာအုပ်စုထဲမှာ ပါဝင်ခဲ့တဲ့ ကျေးရွာများအနက် ခနီချောင်းနဲ့ နီးကပ်တဲ့ ပေချောင်း၊ ကျွန်းချောင်း၊ ရေကျော်တိန်၊ ဂေါ်တူ၊ မာလိန်နဲ့ အခြားကျေးရွာတွေကို ပေါင်းစုပြီး ခနီချောင်းစံပြကျေးရွာလို့ ခေါ်ဝေါ်တာ ဖြစ်ပါတယ်။

အခုဆိုရင် နိုင်ငံတော်ရဲ့ကျေးဇူးနဲ့ ကျွန်တော်တို့ ခနီချောင်းစံပြကျေးရွာဟာ စံပြကျေးရွာ အင်္ဂါရပ်များနှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက် နေပါပြီ။ ကျေးရွာသူ ကျေးရွာသားများလည်း လူနေမှုအခြေမြင့် အသွင်တင့်နေကြပါပြီ။ ဒေသထွက်ကုန်များကို ရောင်းဝယ်ဖောက်ကားနေကြပြီမို့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေကြပါပြီ" ဟု ကြက်လျှာ

ခနီချောင်းစံပြကျေးရွာ ပွင့်သစ်စ ကျေးလက်စာကြည့်တိုက်တွင် ကျေးရွာသူ ကျေးရွာသားများ စာအုပ်၊ စာစောင်များကို စိတ်ဝင်တစား လေ့လာဖတ်ရှုနေကြစဉ်။ (ဓာတ်ပုံမှတ်တမ်း-သိန်းမင်းထက်)

ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးထွန်းအောင်က ဤသို့ ရှင်းလင်းပြောပြသည်။

ဆန်းသစ်လှပ

ခနီချောင်း၏ မြင်ကွင်းများကို လေ့လာကြည့်ရှုသောအခါ ခနီချောင်းသည် အခြားစံပြကျေးရွာများနှင့်မတူ တစ်မျိုးတစ်ဖုံတော့ ဆန်းသစ်လှပနေသည်။ လူနေအိမ်တည်ဆောက်ထားပုံကလည်း မြင်ကွင်း ရှင်းနေသည်။ လမ်းများ ဖွဲ့စည်းတည်ဆောက်ပုံကလည်း တောင်နှင့်မြောက် ဖြောင့်တန်းလျက် ကြည့်ရှု၍ ကောင်းလှသည်။ လမ်းမကြီးများထိပ်တွင် လမ်းဆိုင်းဘုတ်များကို ချိတ်ဆွဲထားသည်။ သတင်းအဖွဲ့ ဖတ်ကြည့်လိုက်သောအခါ ဧရာမြေမှ မြို့နာမည်များ ဖြစ်နေသည်။ မအူပင်လမ်း၊ ပန်းတနော်လမ်း၊ ညောင်တုန်းလမ်း၊ နေပြည်လမ်း၊ ကျိုက်လတ်လမ်း၊ ဒေးဒရဲလမ်း၊ ဇလွန်လမ်း၊ ပုသိမ်လမ်း၊ မြန်အောင်လမ်း၊ ဟင်္သာတလမ်း၊ ဘိုကလေးလမ်းနှင့် မြောင်းမြလမ်း စသည်ဖြင့် မြို့အမည်စုံလှသည်။

သတင်းအဖွဲ့မှာ ခနီချောင်းစံပြကျေးရွာတစ်ခွင် လှည့်လည်ကြည့်ရှုလေ့လာရင်း ဒေးဒရဲလမ်းမကြီးထိပ်သို့အရောက်တွင် အမျိုးသမီးသုံးဦး ခေါင်းပေါ်တွင် လင်ပန်းများတင်လျက် ငါး၊ ပုစွန်များ လှည့်လည်ရောင်းချနေသည်ကို တွေ့ရသည်။

"ဆရာရေ ခနီချောင်းက ငါး၊ ပုစွန် ဈေးပေါတယ်။ ကျွန်မတို့ဒေသက ရေချို ရေငန်စပ်နေတော့ ငါး၊ ပုစွန် ပေါ်ပိုက်ပါတယ်။ ရေထရက်ဆိုရင် ငါး၊ ပုစွန်ရောင်းတဲ့ ဈေးသည်တွေ ပိုများပါတယ်"ဟု ဒေသခံ ခနီချောင်းကျေးရွာသူ ဒေါ်စန်းအေးနှင့် ဒေါ်အေးအေးမာတို့က ရှင်းလင်းပြောပြသည်။

အရှိန်အဟုန်

ခနီချောင်း ကျေးရွာသားတို့မှာ ရိုးသားကြသည်။ ကြိုးစားကြသည်။ နီးကြားတက်ကြွသော အားမာန်များလည်း ရှိကြသည်။ သဘာဝဘေး ကျရောက်ခဲ့သော်လည်း ကြံ့ကြံ့ခံနိုင်ခဲ့ကြသည်။ အချိန်တိုကာလအတွင်း ပြန်လည်ရုန်းထနိုင်ခဲ့သည်။ တစ်နှစ်ကျော်ကာလအတွင်း ခနီချောင်းသားတို့၏ ကြိုးပမ်း စွမ်းဆောင်မှုများကြောင့် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက် စည်ပင်လာခြင်း ဖြစ်ပေသည်။

ယခုအခါ ခနီချောင်းကျေးရွာ လူသွား တာလမ်းမကြီးများမှာ ညီညာဖြောင့်ဖြူးနေသည်။ နံနက်ပိုင်း ခနီချောင်းစံပြကျေးရွာ၏ သာယာလှပမှု မြင်ကွင်းမှာ စက်ဘီးစီး၍ သွားလာကြသူများ၊ ကျေးရွာတစ်ပတ် လမ်းလျှောက်ထွက်လာနေကြသူများ၊ ကျေးရွာအားကစားကွင်းတွင် ဘောလုံးပွဲ၊ ဘော်လီဘောပွဲ၊ ပိုက်ကျော်ခြင်းပွဲနှင့် ကြက်တောင်ရိုက် ကစားကြသူများ၊ စံပြကျေးရွာအတွင်း ဈေးရောင်း ဈေးဝယ်သူများဖြင့် စည်ကားနေသည်ကို တွေ့မြင်ခဲ့ရသည်။

ခနီချောင်း စံပြကျေးရွာ ဆယ်မျိုးဆယ်ပေါင် ဟင်းသီးဟင်းရွက် စိုက်ခင်းမှ ထွက်ရှိနေသော ချဉ်ပေါင်ရွက်များကို မိသားစုများ ခူးဆွတ်နေကြသည်မှာ....။ (ဓာတ်ပုံမှတ်တမ်း-သိန်းမင်းထက်)

မွှေးရနံ့

ထို့ပြင် ခနီချောင်းကျေးရွာ၏ လူနေအိမ်များမှာ ကိုယ့်ခြံဝင်းနှင့်ကိုယ် သီးသီးသန့်သန့် ရှိနေကြသည်။ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ အဆောက်အအုံများ ဖြစ်ကြသည်။ သေသပ်လှပစွာ ဆောက်လုပ်ထားကြသည်။ ကျေးရွာလုံးကျွတ် ယင်လုံအိမ်သာ ဆောက်လုပ် သုံးစွဲနေကြသည်။ လူနေအိမ်တိုင်းတွင် မွှေးရနံ့ကြွယ်သည့် ပန်းမျိုးစုံတို့ကို စိုက်ပျိုးထားကြသဖြင့် မွှေးရနံ့သင်းပျံ့ပျံ့ကိုလည်း ရှူရှိုက်မိကြပါသည်။

မှတ်တမ်းတင်

စာရေးသူတို့ သတင်းအဖွဲ့မှာ တာလမ်းမကြီး ဝဲယာတစ်လျှောက် သတိထားကြည့်ရှုမိရာ အရိပ်ရလေကာပင်များ စိုက်ပျိုးထားသည်ကို တွေ့မြင်ခဲ့ရသည်။ ဖျာပုံလမ်းထိပ်ထောင့်အိမ်တစ်အိမ် ရှေ့သို့အရောက်တွင် နေအိမ်ခြံဝင်းအနောက်ဘက်တွင် စိုက်ပျိုးထားသော ဆယ်မျိုးဆယ်ပေါင် စိုက်ပျိုးခင်းအတွင်းမှ ချဉ်ပေါင်ရွက်များကို နေအိမ်ပိုင်ရှင် မိသားစုများ ခူးဆွတ်နေသည်ကို တွေ့မြင်ခဲ့ရသဖြင့် သတင်းအဖွဲ့လည်း မှတ်တမ်းဓာတ်ပုံဖြင့် အမိအရ မှတ်တမ်းတင်ခဲ့ပါသည်။

ဝင်ငွေတိုးပွား

ခနီချောင်းစံပြကျေးရွာ ဆယ်မျိုးဆယ်ပေါင် စိုက်ခင်းများတွင် ဘူး၊ ခရမ်း၊ ပုံလုံ၊ ချဉ်ပေါင်၊ တိုင်ထောင်ပဲ၊ ငရုတ်နှင့် သခွားတို့ကို စိုက်ပျိုးထားကြရာ မိသားစု အပိုဝင်ငွေ တိုးနေကြပြီဖြစ်သည်။ ခနီချောင်းစံပြကျေးရွာ၏ ထွက်ကုန်များကို မော်လမြိုင်ကျွန်းမြို့နှင့် အနီးအပါး ကျေးရွာများသို့ တင်ပို့ရောင်းချနေပြီဟု သတင်းကြားသိခဲ့ရသဖြင့် ဝင်ငွေတိုးပွား အကျိုးများနေကြသော ဧရာမြေ ခနီချောင်းစံပြကျေးရွာ၏ စိုက်ပျိုးစွမ်းအားမြင့်မားတိုးတက်မှုကို ဝမ်းသာဂုဏ်ယူနေမိပါတော့သည်။

လေ့လာဖတ်ရှု

စာရေးသူမှာ ခနီချောင်းစံပြကျေးရွာသူ ကျေးရွာသားများ ဗဟုသုတ မြင့်မားတိုးတက်ရေးအတွက် ဖွင့်လှစ်ပေးထားသော ပွင့်သစ်စကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်သို့လည်း ဝင်ရောက်ကြည့်ရှုလေ့လာခွင့် ရရှိခဲ့သည်။ ကျေးလက်စာကြည့်တိုက်အတွင်း စာဖတ်ပရိသတ်အတော်စည်ကား စိုပြည်နေသည်။ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာစောင်များကို စိတ်ဝင်စားစွာ လေ့လာဖတ်ရှုနေကြသည်။ အချို့က စာငှားကတ်စနစ်ဖြင့် စာအုပ်၊ စာစောင်နှင့် ဂျာနယ်များကို နေအိမ်တွင် ဖတ်ရှုရန် ငှားရမ်းသွားကြသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

အချိန်ရခိုက် ပွင့်သစ်စ ကျေးလက်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဆန်းဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"ကျွန်တော်တို့ ခနီချောင်းစံပြကျေးရွာမှာအိမ်ခြေ၄ဝ၇အိမ်ရှိပါတယ်။ ကျေးရွာသားများ စာဖတ်တဲ့ အလေ့အကျင့်ကောင်းတစ်ခုရအောင် ကျွန်တော်တို့ ကြိုးစားသွားမှာပါ။ ကျွန်တော်တို့ စံပြကျေးရွာမှာကျေးလက်စာကြည့်တိုက် တစ်ခု ဖွင့်လှစ်ခွင့်ရထားလို့ ဘယ်လိုဝမ်းသာမှန်းမသိပါဘူး။ စာအုပ်၊ စာစောင်နှင့် မဂ္ဂဇင်းတွေ စုံအောင် ဆက်လက် စုဆောင်းသွားမှာ ဖြစ်ပါတယ်။ စာငှားကတ်စနစ်နဲ့ ငှားလို့ရတဲ့ ဝင်ငွေနဲ့လည်း မဂ္ဂဇင်း၊ဂျာနယ်၊ စာစောင်အသစ်တွေ ဝယ်ယူဖြည့်တင်းသွားမှာ ဖြစ်ပါတယ်။ အခုတော့ ကျွန်တော်တို့ စံပြကျေးရွာမှာ ကျေးလက်စာကြည့်တိုက် ရှိနေပြီဆိုတော့ စာကြည့်တိုက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ကြဖို့ လိုအပ်ပါကြောင်း" အားပါးတရ ရှင်းလင်းပြောပြသည်။

ထို့ပြင် ခနီချောင်းစံပြကျေးရွာတွင် CDMA တယ်လီဖုန်းများ ရှိနေပြီဖြစ်ရာ ခနီချောင်းမှ မြန်မာပြည်အရပ်ရပ်သို့ ဆက်သွယ်စကားပြောဆိုနိုင်ကြပြီဖြစ်သည်။ ဆက်သွယ်ရေးကောင်းမွန်နေသော ခနီချောင်းကား ခေတ်မီဖွံ့ဖြိုးတိုးတက်နေပြီ မဟုတ်ပါလား။

မိုးစပါး

စာရေးသူတို့ သတင်းအဖွဲ့သည် ခနီချောင်းအရှေ့ဘက် တာလမ်းမကြီးပေါ်မှ အဝေးသို့ လှမ်းမျှော်ကြည့်ရှုလိုက်သောအခါ အောင်မြင်ရှင်သန်နေသော မိုးစပါးစိုက်ခင်းများကို တစ်မျှော်တစ်ခေါ် တွေ့မြင်နေရသည်။

"ကျွန်တော်တို့ ခနီချောင်းက သဘာဝဘေးကျရောက်ခဲ့တဲ့ ဒေသဖြစ်ပေမယ့် ယခင်နှစ် မိုးစပါးလည်း စိုက်ဧက လျော့နည်းမှုမရှိတဲ့အပြင် ယခုနှစ် မိုးစပါးစိုက်ဧကလည်း လျော့နည်းမှုမရှိပါဘူး။ ခနီချောင်းသားတွေက ဇွဲနဲ့အားမာန်ထက်သန်စွာနဲ့ စပါးအပြည့်အဝစိုက်ပျိုးကြပါတယ်" ဟု ကြက်လျှာကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထွန်းအောင်က ရှင်းလင်းပြောပြသည်။

ဘက်စုံဖွံ့ဖြိုး

သတင်းအဖွဲ့မှာ ညနေ ၄နာရီတွင် ခနီချောင်းစံပြကျေးရွာမှ ဧရာမင်း ပဲ့ထောင်ရေယာဉ်ဖြင့် မော်လမြိုင်ကျွန်းမြို့သို့ ပြန်လည်ထွက်ခွာခဲ့သည်။ ခနီချောင်းကား စံပြကျေးရွာ အင်္ဂါရပ်များနှင့်အညီ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စည်ပင်နေသော စံပြကျေးရွာတစ်ရွာပင်ဖြစ်ပါကြောင်း" ကွင်းဆင်းလေ့လာရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ခနီချောင်းစံပြကျေးရွာတစ်ခွင်တစ်ပြင် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းကို ဤသို့ တွေ့ခဲ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-သိန်းမင်းထက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၁-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၅၅ ၅။ ဇီးချောင်းရေလှောင်တမံ
- ၈:၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၇။ **ကျော်သွားမှာလား ဖော်စားမှာလား**
- ၈:၃၀ ၈။ အတီးပြိုင်ပွဲ
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄:၁၅ ၃။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၄:၃၀ ၄။ ကြေးမုံရိပ်သွင် တေးနှယ်ဉ်
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ အကပြိုင်ပွဲ
- ၅:၁၅ ၈။ တေးဂီတအစီအစဉ်
- ၅:၃၀ ၉။ ယုံကြည်အားထားစက်မှု(၁)ဆပ်ပြာများ
- ၅:၄၅ ၁၀။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ **ကြယ်ပွင့်များရဲ့ ရင်ခုန်သံ**
- ၆:၃၅ ၁၄။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၂၉)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၂၀)
- ၂၀။ အစီအစဉ်ပြီး၏။

နေတစ်စင်းနှင့် အလင်းပြိုင်

ရတနာစည်ဆရာတော် (လွိုင်လင်)

နေအလင်း

နေမင်း၏အလင်းသည် ထန်ပြင်းစူးရှသောကြောင့် မြင်ရသမျှ မြင်ကွင်းများကို ထင်းထင်းထင်ထင် မြင်သိစေနိုင်စွမ်းရှိ၏။ ထင်ရှားပြတ်သားစွာ မြင်သိစေနိုင်စွမ်းရှိ၏။ မြေပြင်လော၊ တောင်စဉ်လော၊ ကောင်းကင်လော၊ ရေပြင်လောဟု တွေးတောယုံမှားဖွယ်မရှိဘဲ နေမင်း၏အလင်းရောင်အောက်မှာ တိကျပြတ်သားစွာ မြင်သိရလေ၏။

အပြိုင်အလင်း

ထို့ထက် ပညာအလင်းသော်မူကား ယင်းဩကာသလောကကိုသာမက သတ္တလောကကိုရော သင်္ခါရလောကကိုပါ အကြောင်း၊ အကျိုး၊ အကောင်း၊ အဆိုး၊ အဖြူ၊ အမည်း သဲသဲကွဲကွဲ သိမြင်စေကာ စိတ်အရည်အသွေး၊ ဉာဏ်အရည်အသွေးကို အထူးမြင့်မားစေနိုင်စွမ်းရှိလေ၏။ ထို့ကြောင့် ပညာအလင်းကို မြတ်နိုးခြင်းများစွာဖြင့် လေ့လာခံယူနေကြရပါမည်။

အကြီးအကဲလမ်းညွှန်

ယခုမျက်မှောက်ကာလသည် ပညာခေတ်ဖြစ်သည့်အလျောက် ခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်ရန်အတွက် ထာဝရကြိုးပမ်းနေရန် လိုအပ်ပါသည်။

နိုင်ငံသားတိုင်းသည် အသက်အရွယ်၊ အတွေ့အကြုံ၊ ပညာအရည်အချင်း မည်သို့ပင်ရှိစေ၊ မည်သည့်နေရာမှာ ရောက်ရှိနေထိုင်သည်ဖြစ်စေ ပညာကို လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းကို ဖွင့်ပေးထားရန် လိုအပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
အီလက်ထရွန်နစ် ပညာရေးအကောင်အထည်ဖော်သောနေ့
အထိမ်းအမှတ် သဝဏ်လွှာ(၁-၁-၂၀၀၁)

ပညာအခွင့်အလမ်း

မြန်မာနိုင်ငံ၌ ၁၉၈၈ခုနှစ်၏ သည်မှာဘက်ကာလများဝယ် ပညာရေးဝန်ကြီးဌာန၏ စွမ်းစွမ်းတမံ ဆောင်ရွက်မှုများကြောင့် ပညာ၏အရင်းအမြစ်ဖြစ်သည့် စာတတ်မြောက်မှုနှုန်းမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်တက်လာလျက်ရှိသည်။ ၂၀၀၉ခုနှစ်အတွင်း မြန်မာနိုင်ငံသားများ စာတတ်မှုနှုန်းသည် ၉၄ ဒသမ ၈၉ ရာခိုင်နှုန်းဖြစ်လာ၍ အာရှနှင့် ပစိဖိတ်ဒေသအတွင်း စာတတ်မြောက်မှုနှုန်း မြင့်မားသည့် နိုင်ငံတစ်နိုင်ငံအဖြစ် သစ်သစ်လွင်လွင် ထင်ထင်ရှားရှား ထွန်းကားတောက်ပလာနေပြီဖြစ်သည်။ ယင်းစာတတ်မြောက်မှုကို အရင်းအမြစ်ပြု၍ မည်သည့်နေရာသို့ ရောက်ရှိနေထိုင်သည်ဖြစ်စေ ပညာကို လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းတစ်ရပ်ပွင့်နေစေရန် ကျေးရွာတိုင်း စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကို ခံယူကာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကိုယ်တိုင် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိသဖြင့် ယနေ့သော် ကျေးရွာစာကြည့်တိုက်ပေါင်း ၅၅၇၅၅ တိုက်အထိ ဖွင့်လှစ်နိုင်ပြီးဖြစ်ရကား ယင်းသည် နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်း နေထိုင်ရာ ကျေးရွာများ၏ ပညာအခွင့်အလမ်းပင် ဖြစ်လေတော့၏။

ကမ္ဘာနှင့်စာ

ယင်းသို့သော မြန်မာနိုင်ငံအနေအထား၌ ကမ္ဘာတစ်ခွင်သို့ ရှုမျှော်လိုက်လျှင်မူ ကမ္ဘာပေါ်၌ စာမတတ်သူ လူကြီး ၇၇၆သန်းရှိနေပြီး ကျောင်းမနေနိုင်သည့် ကလေးပေါင်း ၇၅သန်းခန့် ရှိနေကြောင်း ကုလသမဂ္ဂမှ ထုတ်ပြန်ထားခဲ့လေပြီ။

စာနှင့်ပညာ

စာတတ်ခြင်းနှင့် စာဖတ်ခြင်းကြောင့် ပညာနှင့်သုတ တိုးပွားလာရသည်မှာ အမြဲမှန်နိယာမဖြစ်၏။ ပညာနှင့်သုတ တိုးပွားလာသည်နှင့်အမျှ ဘဝသည် နိမ့်ရာမှမြင့်ရာသို့ လှမ်းတက်နိုင်ခွင့်နှင့် အမြင့်တက်လှေကားထစ်များကို မြင်နိုင်ခွင့် အများအပြား တွေ့မြင်လာရ၏။ယင်းကြောင့် ခိုင်မြဲသော အသက်မွေးဝမ်းကျောင်းမှုကို တည်ဆောက်နိုင်စွမ်းများ၊ ဝင်ငွေတိုးပွားဖို့နှင့် ထွက်ငွေနည်းပါးဖို့ လုပ်ကိုင်နိုင်စွမ်းများ၊ မြင့်မားသည့် စိတ်သဘောထား၊ ချောပြေသည့် ပြောဆိုဆက်ဆံမှု၊ တင့်တယ်ထည်ဝါသည့် အနေအထိုင်တို့ကို အမှန်တကယ် ထူထောင်နိုင်စွမ်းများ၊ ရပ်ရွာအကျိုးပြုအဖွဲ့အစည်းများ (ဘာသာရေး၊ လူမှုရေး)အတွင်း ထဲထဲဝင်ဝင် ရပ်တည်နိုင်စွမ်းများစသည့် အစွမ်းအစအစုံစုံ အဟုန်မြင့်မိုး ဖွံ့ဖြိုးလာလေတော့၏။ ထို့ကြောင့် လူတိုင်း စာတတ်၍ စာဖတ်ကြရပါမည်။

ပညာနှင့် အား(၄)အား

လူတိုင်း စာတတ်၍ စာဖတ်နိုင်ဖို့ လူဦးရေ ၇၀ ရာခိုင်နှုန်း နေထိုင်ရာ ကျေးရွာများအရောက် စာကြည့်တိုက်များ ဖွင့်လှစ်ရာတွင် (၁) ဒေသဆိုင်ရာ အာဏာပိုင်များ၏အား၊ (၂) စေတနာရှင်ပြည်သူများနှင့် အဖွဲ့အစည်းများ၏အား၊ (၃) သက်ဆိုင်ရာ ဒေသနေ ဒေသခံများ၏အား၊ (၄) ဝန်ထမ်းများ၏အားဟူသော အား(၄)စဉ် အင်(၄)ရပ်ဖြင့် အပတ်တကုတ်ကြိုးပမ်းလျက်ရှိသည်များမှ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်း မုဒိတာမြင်ကွင်းများဖြစ်သည့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖြစ်ထွန်းလာပုံကို ကိုယ်တွေ့မျက်မြင် မှတ်တမ်းတင်ပါမည်။

အား(၄)အားနှင့် စာကြည့်တိုက်(၇)တိုက်

လွိုင်လင်ခရိုင်ဥက္ကဋ္ဌ ဦးကျော်ခိုင်စိုး၊ လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းတို့၏ ဦးဆောင်ကြိုးပမ်းမှုများ အပါအဝင် အား(၄)အားဖြင့် ဖြစ်ထွန်းလာသော မြို့နယ် (၇)မြို့နယ်အတွင်းရှိ ကျေးရွာ (၇)ရွာ၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးက ကျေးရွာ (၇)ရွာအတွက် ထောက်ပံ့ငွေ တစ်ရွာလျှင် ငွေကျပ် ၁၀သိန်းစီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၇၀ မ,တည်ပေးခဲ့၏။ ထို မ,တည်ငွေကို အရင်းအမြစ်ပြုကာ သက်ဆိုင်ရာ မြို့နယ်အဆင့်၊ ကျေးရွာအဆင့် ဥက္ကဋ္ဌများက စာကြည့်တိုက်တည်ဆောက်မည့် သင့်လျော်သည့် မြေနေရာရရှိရေးနှင့် အဆောက်အအုံအတွက် လိုအပ်သည့် သွပ်၊ ဘိလပ်မြေ၊ အုတ်၊ သဲ၊ ထုံး၊ သစ်အပါအဝင် ဆောက်လုပ်ရေးပစ္စည်းများ အလွယ်တကူရရှိရေး ဆောင်ရွက်ပေးကြ၏။ ကြားသိကြသူ စေတနာရှင်များကလည်း ငွေကြေး၊ စာအုပ်စာတမ်းစသည်များ ပေးအပ်လှူဒါန်းကြသလို ရွာသူရွာသားများ၊ ဆက်စပ်နီးနွယ်သော ဆွေမျိုးသားချင်းများကလည်း စာကြည့်တိုက်အတွက် တတ်အားသမျှ လှူဒါန်းကြ၏။ သက်ဆိုင်ရာဝန်ထမ်းများကလည်း မိမိတို့ တတ်စွမ်းသည့်ဘက်မှ အားတက်သရော ကူညီပံ့ပိုးကြ၏။ သို့ဖြင့်....

လွိုင်လင်မြို့နယ် နောင်ဟူးရွာ၊ နမ့်စန်မြို့နယ် ဟိုဦးရွာ၊ လဲချားမြို့နယ် ဝမ်မိုင်ဆုံရွာ၊ ကျေးသီးမြို့နယ် နောင်ဆွမ်းရွာ၊ မိုင်းရှူးမြို့နယ် ဝမ်ဆော့ရွာ၊ မိုင်းကိုင်မြို့နယ် ဝမ်ဖွီးရွာ၊ ပင်လုံမြို့နယ် ဝမ်မိုင်ရွာဟူသည့် ရွာ (၇)ရွာတွင် သိန်း ၂၀ကျော်တန် သွပ်မိုး၊ အုတ်ညှပ်စာကြည့်တိုက် အဆောက်အအုံနှင့် စာအုပ်ဗီရို၊ စာအုပ်တင်စင်၊ စားပွဲရှည်၊ ထိုင်ခုံများ၊ စာအုပ်စာစောင်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ DTH စနစ် ရုပ်သံဖမ်းစက်များ တန်ဆာဆင်ထားသည့် စံ(၅)ရပ်ညီ စာကြည့်တိုက်များပေါ်ထွန်းလာလေ၏။

စာကြည့်တိုက် (၇)တိုက်

ယင်းစာကြည့်တိုက် (၇)တိုက် တည်ရှိရာ ရွာ(၇)ရွာလုံး၏ သမိုင်း၌ တိုင်းနိုင်ငံ မအေးချမ်းသဖြင့် အလွန်ကျပ်တည်းကျဉ်းမြောင်းခဲ့ရသည့် ကာလတစ်ခု အမှန်ရှိခဲ့၏။ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရ တက်ရောက်လာ၍ ငြိမ်းချမ်းရေးတစ်ခေတ် တည်ဆောက်ပေးနိုင်သည့် ဤမှာဘက်ကာလများ ရောက်လာမှသာ ရွာသည် ရွာနှင့်တူလာပြီး ရွာ၏ တည်ငြိမ်အေးချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေး ပွင့်လန်းလာမှု၊ စိုက်ပျိုးရေး တည်ငြိမ်တိုးတက်လာမှု၊ ပညာရေးနှင့် ကျန်းမာရေး တည်ငြိမ်တိုးတက်လာမှုများနှင့်အတူ ယနေ့သော် စံပြကျေးရွာအဆင့် (သို့မဟုတ်) ထိုအဆင့်အနီး ရောက်ရှိနေသည့် အဆင့်များပေါ်မှာ ရွာသားတို့ ပျော်အားသန်နေကြရပါပြီ။

ပိုမိုထူးသည့် ဟိုဦးရွာ

ယင်း(၇)ရွာအနက် လွိုင်လင်မြို့နယ်နှင့် နမ့်စန်မြို့နယ်ကြားရှိ ဟိုဦးရွာအကြောင်း မြင်တွေ့သိရှိရသမျှ မှတ်တမ်းတင်ရလျှင် ထိုရွာသည် ၁၉၈၈ခုနှစ် မတိုင်မီကာလများအထိ ဒေသတည်ငြိမ်အေးချမ်းမှုမရှိသည့်အပေါ်၌သာ တည်ကာ မီကာ တစ်ခါတစ်ခါ လူများလာ၊ တစ်ခါတစ်ခါ လူဗလာဖြင့် တည်ရှိခဲ့၏။ ၁၉၉၀ပြည့်လွန်နှစ်များအတွင်း လွိုင်လင်၊ ပင်လုံ၊ နမ့်စန်တစ်ကြော တည်ငြိမ်အေးချမ်းလာသောအခါရောက်မှသာ ဆက်စပ်ရာ၊ ပတ်သက်ရာ၊ နီးနွယ်ရာ ဆွေမျိုးသားချင်းများ အတည်တကျ အခြေချလာကြပြီး တည်ငြိမ်အေးချမ်းသော ရွာတစ်ရွာဖြစ်လာခဲ့၏။

တပ်မတော်အစိုးရ၏ ဘက်စုံမြှင့်တင်ပေးမှုအရ ကျောင်းနေအရွယ် ကလေးများ ပညာသင်ကြားခွင့်၊ သက်ကြီးလူကြီးများ စာသင်ယူတတ်မြောက်ခွင့် အပါအဝင် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးစသော ကဏ္ဍစုံ အဟုန်မြင့်မိုး ဖွံ့ဖြိုးတိုးတက်လာနေသည်မှာ ဒေသခံအားလုံး ကိုယ်တွေ့ဖြစ်လျက် ရှိနေပါပြီ။

ထိုဟိုဦးရွာ၏ အကြီးအကဲမှာ ဦးခွန်အေးကျော်ဖြစ်၏။ ပညာတတ်၍ အတွေးအခေါ်အမြော်အမြင်ရှိပြီး ပြည်ထောင်စု စိတ်ဓာတ်ပြည့်ဝသူဖြစ်သဖြင့် လွန်ခဲ့သော ၁၅နှစ်ကျော်ကတည်းက ဤအရှင်တို့နှင့် ထဲထဲဝင်ဝင် ဒကာရင်းဖြစ်ခဲ့၏။ ''သူကြီး''ဟု ဤအရှင်တို့က ခေါ်ကြ၏။ ထိုရွာမှ ပအိုဝ်းကလေးများ သင်္ကန်းဝတ်နှင့် စာသင်ချင်လျှင် ရတနာစည်သို့ပို့ပေး၍ လူဝတ်နှင့် စာသင်ချင်လျှင် မူလတန်းကျောင်းသို့ပို့ပေးကာ မြန်မာစာ မြန်မာစကားမှစ၍ စာတတ်မြောက်အောင် အထူးလုံ့လထားသူဖြစ်ကြောင်း ကိုယ်တွေ့သိရှိနေ၏။

သူကြီးက ဤသို့လျှောက်ထားလေ့ရှိ၏။ ''ဟိုတုန်းကဆို လက်မှတ်ထိုးရမယ့် ကိစ္စမျိုးကြုံရင် ရွာသူရွာသားတွေအနေနဲ့ လက်ဗွေပဲနှိပ်ရတယ်ဘုရား၊ အခုတော့ အဲ့ဒါတွေ မရှိတော့ပါဘူး။ အားလုံး စာတတ်ကုန်ကြလို့ပါဘုရား။ ဒါ့ကြောင့် တပည့်တော်က ရွာသူ ရွာသားတွေကို စာတတ်ရမယ်၊ တတ်ပြီးရင် စာဖတ်ရမယ်လို့ အမြဲတိုက်တွန်းပြီး အိမ်မှာ စာစောင်တွေ ထားပေးပါတယ်ဘုရား''

ကျောင်းသို့ သူကြီးရောက်လာတိုင်း ရွာထွက်သီးနှံများ ပါလာလေ့ရှိသလို ရွာသို့ သူကြီးပြန်သွားတိုင်း ရွာနှင့်သင့်လျော်မည့် စာစောင်၊ ဂျာနယ်များ ပြန်ပါသွားအောင် ဤအရှင်တို့ကလည်း တတ်အားသမျှ စာဒါနပြုပါ၏။ ဤအရှင်တို့ ရတနာစည်၌ ''သုခမိန်''စာကြည့်တိုက်ဟု ကျောင်းတွင်းစာကြည့်တိုက်ရှိကြောင်း သိရှိကြသူ ရပ်နီး/ရပ်ဝေး စေတနာရှင်များက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းလေ့ရှိသလို ဤအရှင်တို့ကလည်း တစ်ဆင့်ပြန်၍ ဟိုဦးရွာအတွက် သင့်လျော်မည့် စာပေများကို စာဒါနပြုလေ့ရှိပါ၏။

အထူးသဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့က ဓမ္မစာပေများနှင့်တကွ စာအုပ်စာပေများကို ရတနာစည်သို့ မကြာခဏ ပေးပို့လှူဒါန်းလေ့ရှိသလို သားချစ် မောင်သီဟအောင်ကလည်း ကိုရင်လေးများစိတ်ဝင်စားမည့် ရုပ်ပုံများများပါသော ဂျာနယ်စုံ မကြာခဏ လှူဒါန်းလာလေ့ရှိသဖြင့် ဟိုဦးရွာအတွက် စာစောင်များ၊ ဂျာနယ်များ သင့်လျော်ရာ တုံ့ပြန်လှူဒါန်းနိုင်လျက်ရှိပါသည်။

မကြာမီသော ကာလတစ်ခုတွင် သူကြီးရောက်ရှိလာပြီး ဟိုဦးရွာ၌ စာကြည့်တိုက်တည်ထောင်နိုင်ဖို့ နိုင်ငံတော်က ငွေကျပ် ၁၀သိန်းနှင့် DTH စနစ် ရုပ်သံဖမ်းစက် ထောက်ပံ့လာကြောင်း ဝမ်းသာအားရ လာရောက်လျှောက်ထားချိန်မှစ၍ ထိုရွာတွင် စာကြည့်တိုက်တစ်တိုက် လျင်လျင်မြန်မြန် ဖြစ်ထွန်းလာရန် ဤအရှင်တို့ကလည်း များစွာ အားပေးတိုက်တွန်း ပံ့ပိုးခဲ့ခြင်းနှင့်တကွ အခြားသော ကျေးရွာများတွင်လည်း ရွာဦးဆရာတော်၊ ရွာအနီး မြို့ဆရာတော်များ၏ အားပေးမှုများအပါအဝင် အဆိုပါ ရွာ (၇)ရွာ၌ စံ(၅)ရပ်ညီ စာကြည့်တိုက်များ ပီပြင်စွာ ပေါ်ထွန်းလာနေပါပြီ။

စံ(၅)ရပ်

(၁) လူတိုင်း စာဖတ်ချင်ဖို့၊ စာဖတ်ဖို့
(၂) စာအုပ်စာစောင်များ အမြဲတိုးပွားနေဖို့
(၃) မြေနှင့် အဆောက်အအုံ (စာကြည့်တိုက်) တည်ရှိလာဖို့
(၄) စာအုပ်ဗီရို၊ စာအုပ်တင်စင်၊ စားပွဲရှည်၊ ထိုင်ခုံစသော ပရိဘောဂများ ရှိနေဖို့
(၅) စာကြည့်တိုက်မှူးရှိဖို့

စံ(၅)ရပ်ပြည့်မီရေး

အမှတ်(၁)စံနှင့်စပ်လျဉ်း၍ ပြောရပါလျှင် စာဝါသနာအားကြီးသူသည် စာအုပ်စာစောင် တွေ့မြင်လိုက်ရသည်နှင့် ချက်ချင်းဖတ်ချင်ကာ ချက်ချင်းဖတ်လေ့ရှိသလို စာဝါသနာအားနည်းသူသည် စာအုပ်စာပေကို ဂရုမပြုသည့်အပြင် စာဖတ်ခြင်းကို အချိန်ဖြုန်းခြင်းဟုပင် အယူမှားလေ့ရှိ၏။ ကမ္ဘာ့နိယာမရှုထောင့်မှ ပြောရလျှင် ပညာပါရမီရှိသူ၊ မရှိသူ ကွဲပြားသောကြောင့် စာဖတ်သူ၊ မဖတ်သူ ကွဲပြားသွားရခြင်းဖြစ်ရာ ပစ္စုပ္ပန်ကျကျ ပညာကို မြတ်နိုးစိတ် မွေးမြူနိုင်မှ ပညာပါရမီပြည့်သည်ဟု အမှန်အတိုင်း သိမြင်ကြရပါမည်။ မဖတ်ချင်သူကို ဖတ်ချင်လာအောင် စည်းရုံးတိုက်တွန်းခြင်းဖြင့် ပညာပါရမီ နှစ်ထပ်ကွမ်းပြည့်သည်ဟုလည်း ပြည်သူအများ အမြင်တရား ပြည့်ဝကြကာ တစ်နိုင်ငံလုံး အမြဲစာဖတ်သူများချည်းဖြစ်နေအောင် ကြိုးပမ်းနေကြရပါမည်။

အမှတ်(၂)စံအရ စာအုပ်စာပေအဟောင်းများ စာအုပ်စင်မှပျောက်မသွားဖို့ ထိန်းသိမ်းမှု လိုအပ်သကဲ့သို့ စာအုပ်စာစောင်အသစ်များ၊ နေ့စဉ်ထုတ်၊ အပတ်စဉ်ထုတ်၊ လစဉ်ထုတ် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ အချိန်နှင့်တစ်ပြေးညီ တိုးပွားနေဖို့ ဆောင်ရွက်မှု လိုအပ်ပါသဖြင့် ငွေပဒေသာပင် စိုက်ထူနိုင်ရေး၊ သင့်လျော်သောနှုန်းဖြင့် စာငှားစနစ် ဖြစ်ပေါ်ရေးတို့ကို အားတိုက်အင်တိုက် ကြိုးပမ်းကြရပါမည်။

အမှတ်(၃)စံအရ စာကြည့်တိုက်၏ တည်ရာပြမြေပုံ၊ စာကြည့်တိုက်အမည်၊ အကျယ်အဝန်း၊ တန်ဖိုး၊ မြေအကျယ်အဝန်း၊ စာကြည့်တိုက်ရှိ စာအုပ်စာစောင်များ အပါအဝင် ပရိဘောဂများကို မှတ်တမ်းတင် ထိန်းသိမ်းထားရှိပြီး စာကြည့်တိုက်ကို ပြည်သူများ ပိုမိုမြတ်နိုးတတ်လာအောင် ကြိုးပမ်းကြရပါမည်။

အမှတ်(၄)စံအရ ယုတ်စွအဆုံးအားဖြင့် တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ နည်းနာနယအတိုင်း တစ်အိမ်၊ တစ်လ၊ တစ်ကျပ် (ကျပ်တစ်ဆယ်)နှုန်း ပေါ့ပေါ့ပါးပါး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ကြပါသည်။

အမှတ်(၅)စံကိုမူ စံနှုန်းညီဖြစ်အောင် မြို့နယ်တိုင်းမှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ဦးစီးမှူးများက အသင့်အတင့် ဖြည့်ဆည်းဆောင်ရွက်ပေးပါလိမ့်မည်။

လွိုင်လင်ခရိုင် စာကြည့်တိုက်ပေါင်း

ဖော်ပြပါ စံ(၅)ရပ် ပြည့်မီသည့် လွိုင်လင်ခရိုင် မြို့နယ်(၇)မြို့နယ်ရှိ ကျေးရွာ (၇)ရွာ စာကြည့်တိုက်များအပြင် အခြားသော စံညီစာကြည့်တိုက်များအဖြစ် စုစုပေါင်း ကျေးရွာ ၁၀၆ရွာ၌ ၁၀၆တိုက် ထူထောင်ပြီးဖြစ်၍ အခြားကျေးရွာ ၄၇၄ရွာ၌လည်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၄၇၄တိုက် ထူထောင်ပြီးသည်သာမက အနည်းငယ်ကျန်ရှိနေသည့် ကျေးရွာများ၌လည်း စာကြည့်တိုက်များ ပေါ်ထွန်းလာစေရန် ဝိုင်းဝန်းကြိုးပမ်းလျက်ရှိကြပါသည်။

နေတစ်စင်းနှင့်အလင်းပြိုင်

သို့ဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်း ထင်းထင်းထင်ထင် ပီပြင်စွာ ပေါ်ထွန်းလာနေသော စာကြည့်တိုက်ပေါင်း ၅၀၀ကျော်တို့နှင့်အတူ တစ်နိုင်ငံလုံး၌ ပေါ်ထွန်းလာနေသော စာကြည့်တိုက်ပေါင်း ၅၀၀၀၀ကျော်တို့၏ စာပေအလင်း၊ ပညာအလင်း၊ သုတအလင်းတို့သည်ကား နေတစ်စင်း၏ အလင်းကို တင်းတင်းရင်းရင်း စိန်ခေါ်ကာ ပျော်ပျော်ကြီး ဦးဆောင်ရင်း အလင်းပြိုင်လျက် ရှိပါတော့သတည်း။ ။

တပ်မတော်အစိုးရ၏ ဘက်စုံမြှင့်တင်ပေးမှုအရ ကျောင်းနေအရွယ် ကလေးများ ပညာသင်ကြားခွင့်၊ သက်ကြီးလူကြီးများ စာသင်ယူတတ်မြောက်ခွင့် အပါအဝင် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးစသော ကဏ္ဍစုံ အဟုန်မြင့်မိုး ဖွံ့ဖြိုးတိုးတက်လာနေသည်မှာ ဒေသခံအားလုံး ကိုယ်တွေ့ဖြစ်လျက် ရှိနေပါပြီ။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဘရာဇီးနှင့် ရီရဲကြယ်ပွင့် ကာကာ၏ ကောက်ကြောင်း

ရေးသူ - ထင်ကျော်ထက်၊ စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

မက်ဒရစ် ဇန်နဝါရီ ၂၅

၂၀၁၀ ဇန်နဝါရီလ အပြောင်းအရွှေ့ရာသီဟာ အခုဆိုရင် ရာသီရဲ့ သုံးပုံနှစ်ပုံကျော်လွန်ရောက်ရှိလာပြီး စခန်းသိမ်းချိန် တဖြည်းဖြည်းနီးကပ်လာပါပြီ။ ဒီလို နီးကပ်လာတာနဲ့အမျှ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ဘောလုံးအသင်းတွေဟာ ကိုယ့်မှာရှိတဲ့ အားကစားသမားတွေ ထုတ်ရောင်းကြ၊ ကိုယ်လိုချင်တဲ့ အားကစားသမားတွေကို အမြဲတမ်းစာချုပ် ဒါမှမဟုတ် အငှားစာချုပ်တွေနဲ့ စာချုပ်ခေါ်ယူကြနဲ့ ပျားပန်းခပ်လှုပ်ရှားနေကြပါတယ်။

နာမည်ရင်း

ဒီလိုအခြေအနေမျိုးမှာ ဘရာဇီးနဲ့ ရီရဲမက်ဒရစ်ကြယ်ပွင့် ကာကာတစ်ယောက်လည်း မဖြစ်မနေ ပါဝင်ပတ်သက်လာရ ပြန်ပါတယ်။ ကာကာကို ၁၉၈၂ ခုနှစ် ဧပြီ ၂၂ ရက်မှာ ဘရာဇီးနိုင်ငံ ဘရာဆီးလီးယားမြို့တော်မှာ မွေးဖွားခဲ့တာမို့ အခုဆိုရင်၂၈နှစ်ရှိပါပြီ။ တကယ်ဆိုရင်သူ့ရဲ့ နာမည်အရင်းက ကာကာမဟုတ်ပါဘူး။ ကာကာဆိုတာ သူ့ရဲ့နာမည်ပြောင်ပါ။ ဒါပေမယ့် ကမ္ဘာကျော်တော့ ကာကာဆိုတဲ့နာမည်နဲ့ပဲ ကျော်ခဲ့ပါတယ်။ နာမည်အရင်းက ရီကာဒိုအီဇက်ဆန်ဒော့စ်ဆန်းတို့စ်လီတီပါ။

သွင်းယူနိုင်ခဲ့

သူ့ကို မြို့တော်မှာမွေးဖွားပေမယ့် သူကလေးဘဝကတည်းက မိသားစုတစ်စုလုံး ဆော်ပေါ်လိုမြို့ကို ပြောင်းခဲ့လို့ အဲဒီမှာပဲ ကြီးပြင်းပြီး ဘောလုံးသမားဘဝကိုလည်း အဲဒီမှာပဲ စတင်ခဲ့တာပါ။သူဟာ ရှစ်နှစ်သားအရွယ်ကတည်းက ဘောလုံးကိုနှစ်သက်ခုံမင်စွာ ကစားခဲ့တာပါ။ ဆော်ပေါ်လို အသင်းနဲ့အတူ တကယ်တမ်းပွဲဦးထွက် ပွဲထွက်ခွင့်ရခဲ့တာကတော့ အသက် ၁၉ နှစ်အရွယ် ၂၀၀၁ခုနှစ် ရောက်မှပါ။ ထူးချွန်ထက်မြက် စွမ်းရည်ပြည့်ဝတဲ့ ပါရမီရှင်ဘောလုံးသမား တစ်ယောက်ဖြစ်တာမို့ သူ့ရဲ့ပထမဦးဆုံး ဘောလုံးရာသီ နှစ်ရာသီမှာ ဂိုးပေါင်း ၂၀ သွင်းယူနိုင်ခဲ့ပါတယ်။

ဒါကြောင့် ဥရောပဘောလုံးအသင်းကြီးအများစုက သူ့ကိုခေါ်ယူဖို့ မျက်စိကျခဲ့ကြပါတယ်။ အဲဒီအသင်းတွေအနက် စီးရီးအေအသင်းကြီးတစ်သင်းဖြစ်တဲ့ အေစီမီလန်က ဒေါ်လာ ရှစ်သန်းနဲ့ ခေါ်ယူခဲ့ပါတယ်။ သူဟာ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားချန်ပီယံ ဘရာဇီးအသင်းနဲ့အတူ ပွဲချိန်ပြည့် ပါဝင်ကစားခဲ့ပြီး အေစီမီလန်ကို ၂၀၀၄ ခုနှစ် စကူဒက်တိုဖလား၊ ၂၀၀၇ခုနှစ်မှာ ချန်ပီယံလိဂ် ချန်ပီယံဆုနဲ့ ချန်ပီယံလိဂ် ပွဲစဉ်တစ်လျှောက် ၁၀ဂိုးသွင်းယူခဲ့ပြီး ဂိုးအများဆုံးသွင်းနိုင်တဲ့ ဘောလုံးသမားဆုကို ရယူဆွတ်ခူးနိုင်ခဲ့တယ်။ ဒါ့အပြင် စီးရီးအေဖလားကိုလည်း ဆွတ်ခူးပေးနိုင်ခဲ့တယ်။ ၂၀၀၄ ခုနှစ်မှာ စီးရီးအေရဲ့ အကောင်းဆုံး ဘောလုံးသမားအဖြစ် ရွေးချယ် ဆုချီးမြှင့်ခြင်း ခံခဲ့ရပါတယ်။ အဲဒီအပြင်၂၀၀၅ခုနှစ် ဖီဖာကွန်ဖက်ဒရေးရှင်းဖလားဗိုလ်လုပွဲမှာ ဘရာဇီးက အာဂျင်တီးနားကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိအောင် စွမ်းဆောင် ပေးနိုင်ခဲ့ပြီး ၂၀၀၅ ဖီဖာကွန်ဖက်ဒရေးရှင်းဖလားကြီးကို ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။

ဆွတ်ခူးရရှိ

၂၀၀၄ခုနှစ်နိုဝင်ဘာမှာ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ရဲ့ ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေး သံတမန်အဖြစ် ခန့်အပ်ခံရပါတယ်။ အေစီမီလန်အသင်းကို ချန်ပီယံလိဂ်ဖလား ဆွတ်ခူးခဲ့တဲ့ ၂၀၀၇ခုနှစ်မှာပဲ ဥရောပအကောင်းဆုံး ဘောလုံးသမားဆုနဲ့ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုတို့ကို ဆွတ်ခူးရရှိခဲ့ပြန်ပါတယ်။

ကြေးအမြင့်ဆုံး

ကာကာဟာ ၂၀၀၆ကမ္ဘာ့ဖလားမှာ ပါဝင်ဆင်နွှဲခဲ့စဉ်က ဘရာဇီးအသင်းကို ကွာတားဖိုင်နယ်ရောက်အောင် ပို့ဆောင်နိုင်ခဲ့ပါတယ်။ ၂၀၀၉ခုနှစ် ဇွန်လမှာ ကာကာဟာ ရီရဲမက်ဒရစ်အသင်းကို ပြောင်းရွှေ့ကြေး ယူရို ၆၅ သန်းနဲ့ပြောင်းရွှေ့ခဲ့ပြီး အသင်းနဲ့ခြောက်နှစ်သက်တမ်းရှိတဲ့ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ပါတယ်။ အပြောင်းအရွှေ့ သမိုင်းမှာ စီရိုနယ်ဒို၊ ဇီဒန်းတို့ရဲ့ ပြောင်းရွှေ့ကြေး ပြီးရင် ကာကာရဲ့ ပြောင်းရွှေ့ကြေးဟာ ကြေးအမြင့်ဆုံးပါပဲ။ ရီရဲကို မပြောင်းရွှေ့ခင် ပရီမီယာလိဂ်အသင်းမန်စီးတီးက ငွေကြေးပုံအော ကမ်းလှမ်းခဲ့ပေမယ်လည်း ကာကာက လက်မခံခဲ့ပါဘူး။

ပြီးခဲ့တဲ့ နိုဝင်ဘာလကုန်မှာ ရီရဲမက်ဒရစ် အသင်းဟာ အိမ်ကွင်းမှာ ဘီဘာလ်အို အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ အဲဒီပွဲမှာ ကာကာရဲ့ကွင်းလယ်ကစားဖော် စီရိုနယ်ဒို ခြေချင်းဝတ်ဒဏ်ရာရနေလို့ မပါဝင်နိုင်ခဲ့ပါဘူး။ အဲဒီရှုံးနိမ့်မှုမှာ ကာကာရဲ့စွမ်းဆောင်ရည် ညံ့ဖျင်းလို့ဆိုပြီး ရီရဲပရိသတ်တွေက ပြစ်တင်ဝေဖန်နေပြီး ပြောင်းရွှေ့ကြေး ယူရို ၆၅သန်းနဲ့ မတန်ဘူးလို့ ဆိုနေကြပြန်ပါတယ်။ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားတစ်ယောက်အနေနဲ့ ဒီလောက် မညံ့ဖျင်းသင့်ဘူးလို့လည်း အားမလိုအားမရဆိုနေကြပြန်ပါတယ်။ ဒါပေမယ့် ရီရဲမက်ဒရစ်အသင်းရဲ့ အားကစားဒါရိုက်တာပါဒီဇာက အဲဒီပွဲမှာ ကာကာဟာ ပေါင်ခြံဒဏ်ရာရရှိထားတဲ့ကြားက စွမ်းစွမ်းတမံကြိုးစားပြီး အားကစားသမားစိတ်ဓာတ် အပြည့်အဝနဲ့ အသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့တဲ့အတွက်ပြောစရာမရှိကြောင်း၊မိမိတို့အသင်းကံမကောင်းအကြောင်းမလှလို့သာ ရှုံးနိမ့်ရခြင်းဖြစ်ကြောင်း ကာကာကို ထောက်ခံပြောကြားခဲ့ပါတယ်။ ကာကာသာရီးရဲကထွက်ခွာရင် အသင်းဟောင်း အေစီမီလန်က လက်ကမ်းကြိုဆိုနေမှာဖြစ်သလို မန်စီးတီးအသင်းကလည်း ငွေကြေးပုံအောသုံးစွဲဖို့ အဆင်သင့်ပဲလို့ ဆိုပါတယ်။ ကာကာအနေနဲ့ ရီရဲမှာပဲ ဆက်နေမှာလား၊ ဒါမှမဟုတ် အသင်းပြောင်းဖြစ်မှာလားဆိုတာကိုတော့ စောင့်ကြည့်ရမှာဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ရော်ဘင်ဟို၏အနာဂတ် မန်စီးတီး၌ မရေရာ

လန်ဒန် ဇန်နဝါရီ ၂၅

မန်စီးတီးတိုက်စစ်မှူး ရော်ဘင်ဟိုသည် ကလပ်မှ ထွက်ခွာနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ဆက်လက်နေထိုင်ကစားရန်မှာ မရေရာဖြစ်နေသည်။

နောက်ဆုံးပွဲ

တိုက်စစ်မှူး ရော်ဘင်ဟိုသည် စကွန်သော်ပီနှင့် အက်ဖ်အေဖလား နောက်ဆုံးကစားသည့်ပွဲမှာ မန်စီးတီးအတွက် နောက်ဆုံးပွဲဖြစ်လိမ့်မည်ဟု ပြောကြားခဲ့သည်ကို ဘရာဇီးရေဒီယိုက ကိုးကားထုတ်လွှင့်ခဲ့သည်။

ဝေဖန်ခံနေရ

သို့သော်လည်း နည်းပြမန်စီနီက ရော်ဘင်ဟိုအား မန်စီးတီး၌ ဆက်လက်ကစားရမည်ဖြစ်ကြောင်း ဖိအားပေးလျက်ရှိသည်။ တိုက်စစ်မှူး ရော်ဘင်ဟိုသည် နည်းပြမန်စီနီ လက်ထက်တွင် ကောင်းမွန်စွာ ခြေစွမ်းပြမကစားနိုင်၍ ဝေဖန်ခံနေရသည်။ **(အင်တာနက်)**

မြင့်မောင်စိုး-စုစည်းသည်

အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲ ဂါနာ အကြိုဗိုလ်လုပွဲ တက်ရောက်

လောက်ဒါ ဇန်နဝါရီ ၂၅

၂၀၁၀ အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇန်နဝါရီ ၂၄ရက်က ယှဉ်ပြိုင်ကစားရာ ဂါနာအသင်းက အိမ်ရှင်အင်ဂိုလာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

မဖန်တီးနိုင်

ဂါနာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲစပြီး ၁၆မိနစ်အကြာ အဆာမော့ချ်ဂိုင်ယန်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်အင်ဂိုလာတို့ ဂိုးသွင်းခွင့်များ ရခဲ့သော်လည်း ဂိုးအဖြစ်မဖန်တီးနိုင်၍ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ဂါနာတို့ အကြိုဗိုလ်လုပွဲတွင် ဇမ်ဘီယာသို့မဟုတ် နိုင်ဂျီးရီးယားနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အယ်လ်ဂျီးရီးယားအသင်းသည်လည်း ထိုနေ့က အိုင်ဗရီကို့စ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲ တက်ရောက်လာသည်။ (အင်တာနက်)

အက်ဖ်အေဖလား ပဉ္စမအဆင့်ပြိုင်ပွဲ ချန်ပီယံချယ်လ်ဆီး ကာဒစ်နှင့်တွေ့မည်

လန်ဒန် ဇန်နဝါရီ ၂၅

အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်များကို ထုတ်ပြန်ကြေညာခဲ့ရာ လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းသည် စတမ်းဖို့ဒ်ဘရစ်၌ ကာဒစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့်နှစ်က ဗိုလ်လုပွဲတွင် ဝင်ဘလေကွင်း၌ အဲဗာတန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ကာဒစ်အသင်းသည် ၂၀၀၈ ခုနှစ်က အက်ဖ်အေဖလားဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပြီး ပို့စ်မောက်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ကာဖလားလက်လွှတ်ခဲ့ရသည်။

အခြားပြိုင်ပွဲ

အက်ဖ်အေဖလားပဉ္စမအဆင့် အခြားပြိုင်ပွဲများမှာ မန်စီးတီးက စတုတ်စီးတီးနှင့် တွေ့မည်ဖြစ်သည်။ ပို့စ်မောက်က ဆောက်သမ်ပတန်နှင့် ကစားရမည်ဖြစ်သည်။ ဝူလ်ဗာဟမ်တန် သို့မဟုတ်

ဩစတြေးလျ အိုးပင်းတင်းနစ် ဒေဗီဒန်ကိုကွာတားတက်

မဲလ်ဘုန်း ဇန်နဝါရီ ၂၅

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲများကို မဲလ်ဘုန်းမြို့၌ ယှဉ်ပြိုင်ကစားလျက်ရှိရာ ရုရှားတင်းနစ်ချန်ပီယံ ဒေဗီဒန်ကိုက ဖာနန်ဒိုဗာဒက်စကိုအား အနိုင်ရပြီး ကွာတားဖိုင်နယ်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ယှဉ်ပြိုင်

ဒေဗီဒန်ကိုသည် ဗာဒက်စကိုအား ၆-၂၊ ၇-၅၊ ၄-၆၊ ၆-၇ (၅-၇)ဖြင့် အနိုင်ရရှိခြင်းဖြစ်သည်။ ဒေဗီဒန်ကိုသည် ကွာတားဖိုင်နယ်တွင် ရော်ဂျာဖက်ဒဲယာ သို့မဟုတ် လင်တန်ဟဲဝစ်တစ်ဦးဦးနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **(အင်တာနက်)**

ခရစ္စတယ်ပဲလေ့စ် တစ်သင်းသင်းသည် အက်စ်တွန်ဗီလာနှင့် ကစားရမည်ဖြစ်သည်။ ဘော်လ်တန်က စပါးသို့မဟုတ် လိဒ်ယူနိုက်တက်နှင့် တွေ့မည်ဖြစ်သည်။ ဘာမင်ဂမ်က ဒါဘီကောင်တီနှင့်တွေ့ပြီး ဖူလ်ဟမ်က နော့တ်ကောင်တီ သို့မဟုတ် ဝီဂန်နှင့် ကစားရမည်ဖြစ်သည်။ (အင်တာနက်)

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ရီရဲကွင်းလယ်မှ ဂါဂိုအား မန်စီးတီးကမ်းလှမ်း

မန်စီးတီးအသင်းသည် ရီရဲမက်ဒရစ်အသင်းမှ အာဂျင်တီးနားကွင်းလယ်ကစားသမား အသက် ၂၃ နှစ်ရှိ ဖာနန်ဒိုဂါဂိုအား ပေါင် ၁၅ သန်းဖြင့် ကမ်းလှမ်းထားကြောင်း စပိန်သတင်းစာ မာကာ၌ဖော်ပြသည်။

ရော်ဘင်ဟိုအား ဆန်းတို့စ်နှင့်ဘင်ဖီကာတို့က ခေါ်ယူလို

မန်စီးတီးမှ ရီရဲမက်ဒရစ်တိုက်စစ်မှူးဟောင်း ရော်ဘင်ဟိုအား ၎င်း၏ အသင်းဟောင်း ဆန်းတို့စ်နှင့်ဘင်ဖီကာသင်းတို့က ခေါ်ယူလိုကြောင်း သည်ဂါးဒီးယန်းတွင် ဖော်ပြသည်။

တိုက်စစ်မှူး ဂျိုဗန်နီဗစ်အား လီဗာပူး ကမ်းလှမ်း

လီဗာပူးအသင်းသည် ယခုနွေရာသီတွင် စတင်းဒတ်လိဂ်မှ အသက် ၂၈ နှစ်ရှိ ဆားဘီးယားတိုက်စစ်မှူး မီလန်ဂျိုဗန်နီဗစ်အား သုံးနှစ်စာချုပ်အပြင် အသင်းတွင် ဆက်နေလိုပါက တစ်နှစ်ဆက်လက်နေနိုင်သည့် သဘောတူစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ကြောင်း ဒေးလီးအိတ်ပရက်စ်၌ ဖော်ပြသည်။

ပါလာမိုခံစစ်မှူး ဆိုင်မွန်ကေဂျာအား ရက်နက် ခေါ်ယူလို

ပါလာမိုအသင်းမှ အသက် ၂၀ အရွယ်ရှိ ဒိန်းမတ်ခံစစ်မှူး ဆိုင်မွန်ကေဂျာအား အပြောင်းအရွှေ့ရာသီနောက်ဆုံးအချိန်ထိ ခေါ်ယူစာချုပ်ရန်အသင့်ရှိနေသည်ဟု စပါးနည်းပြ ဟာရီရက်နက်က ပြောကြားခဲ့ကြောင်း ဒေးလီးမေးလ်တွင် ဖော်ပြသည်။

တိုက်စစ်မှူးဂျိမ်းစ်ဘီတီအား ဝက်စ်ဟမ်း ကမ်းလှမ်း

ဝက်စ်ဟမ်းအသင်းသည် စတုတ်စီးတီးမှ အင်္ဂလန်လက်ရွေးစင် တိုက်စစ်မှူးဟောင်း ဂျိမ်းစ်ဘီတီအား ပြောင်းရွှေ့ကြေး ပေါင်သုံးသန်းဖြင့်ခေါ်ယူစာချုပ်ရန် ကမ်းလှမ်းခဲ့ကြောင်း သည်ဆန်းသတင်း၌ဖော်ပြသည်။

တိုက်စစ်မှူး မာအိုလီဒါ ပရီမီယာလိဂ်သို့ ပြောင်းလို

ဝက်စ်ဟမ်း၊ ဝီဂန်နှင့် စတုတ်စီးတီးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသော လန်းစ်အသင်းမှ အသက် ၃၀ အရွယ်ရှိ ပြင်သစ်တိုက်စစ်မှူး တို့ုင်ဖီလိုမာအိုလီဒါက ၎င်းအနေဖြင့်အသင်းမှထွက်ခွာပြီး ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားလိုသည်ဟု ပြောကြားခဲ့ကြောင်း ဒေးလီးမေးလ်တွင် ဖော်ပြသည်။

ရိုးမားမှ မော့တာအား အငှားစာချုပ်ရန် မန်စီးတီးအကဲခတ်

မန်စီးတီးသင်းသည် ရိုးမားတွင် နေရာမရဖြစ်နေသော ဘယ်နောက်ခံလူ မာကိုမော့တာအား အငှားစာချုပ်ခေါ်ယူရန် လေ့လာအကဲခတ်နေကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

အီဘာရီစစ်အား ခေါ်ယူရန် ဆန်အလာဒိုက်စ် ကြိုးပမ်းနေ

ဘလက်ဘန်းနည်းပြ ဆန်အလာဒိုက်စ်သည် ဟက်ဂျတ်ခ်စပလစ်အသင်းမှ ပြောင်းရွှေ့ကြေးမြင့်ဘော့စနီးယားကွင်းလယ်ကစားသမား ဆီနီဂျက်ဒ်အီဘာရီစစ်အား ခေါ်ယူစာချုပ်ရန် ကြိုးစားနေကြောင်း ဒေးလီးမေးလ်တွင် ဖော်ပြသည်။

လီဗာပူးမှ ဘီနာယောင်အား ဒိုင်နမိုမော်စကို ခေါ်ယူလို

ရုရှားအသင်း ဒိုင်နမိုမော်စကိုသည် လီဗာပူးအသင်းမှအသက် ၂၉နှစ်ရှိ အစ္စရေးကွင်းလယ်ကစားသမား ဘီနာယောင်အား ခေါ်ယူလိုပြီး ပြောင်းရွှေ့ကြေးပေါင်ခုနစ်သန်းဖြင့် ကမ်းလှမ်းခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း ဒေးလီးမေးလ်၌ဖော်ပြသည်။

ဟန်တယ်လာအား နည်းပြမိုယက်စ်ခေါ်ယူလို

အေစီမီလန်အသင်းမှ ဟော်လန်တိုက်စစ်မှူး ကလက်စ်ဂျန်ဟန်တယ်လာအား ခေါ်ယူ ရရှိနိုင်ပါက ခေါ်ယူလိုသည်ဟု အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်က အတည်ပြု ပြောကြားခဲ့ကြောင်း ဒေးလီးမေးလ်တွင် ဖော်ပြသည်။

ရွှန်နေ တစ်ပတ်လုပ်ခ ပေါင် ၁၅၀၀၀၀ ရရှိမည်

မန်ယူအသင်းသည် တိုက်စစ်မှူးဝိန်းရွှန်နေအား ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်တို့က ခေါ်ယူရန်ကြိုးပမ်းမှုကို ကာကွယ်သည့်အနေဖြင့် တစ်ပတ်လုပ်ခ ပေါင် ၁၅၀၀၀၀ ပေးမည်ဖြစ်ကြောင်း ဒေးလီးမေးရာ၌ ဖော်ပြသည်။

ခံစစ်မှူးအဲလ်ပက်စ် ဘာစီလိုနာနှင့်သက်တမ်းတိုးရန်ဆွေးနွေး

ဘာစီလိုနာအသင်းမှ အသက် ၂၆နှစ်ရှိ ဘရာဇီး ညာနောက်ခံလူ ဒါနီအဲလ်ဗက်စ်သည် ၎င်းအား ချယ်လ်ဆီးနှင့်မန်စီးတီးတို့ကခေါ်ယူရန် ကြိုးပမ်းနေသော်လည်း အသင်းနှင့်လက်ရှိစာချုပ်သက်တမ်းကို တိုးချဲ့ချုပ်ဆိုရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း အိုင်အမ်စကောက်တွင် ဖော်ပြသည်။

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကျိုင်းတုံ-မိုင်းဆတ် လမ်းပိုင်းလုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် ဇန်နဝါရီ ၂၃ရက်တွင် ကျိုင်းတုံမြို့ရှိ မိုးနဲ-ကျိုင်းတုံရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ ကျိုင်းတုံ-မိုင်းဆတ် လမ်းပိုင်းလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာက လမ်းပိုင်းရှိ မြေသားလုပ်ငန်းနှင့် တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအမီ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျိုင်းတုံမြို့နယ် ထက်တင်ကာရွာ အနီးရှိ ဆင်နှစ်ကောင်တောင်၌ ရထားလမ်းဖောက်လုပ်ထားမှု၊ ယမ်းလုရွာအနီး တောင်ကျချောင်းဥမင် အမိုးပိတ် တံတားတည်ဆောက်နေမှု၊ ယမ်းလုရွာအနီးမှ ဂျိုးဖြူရွာသို့ ဖြတ်သန်းဖောက်လုပ်မည့် ရထားလမ်းအူကြောင်းနှင့် ဂျိုးဖြူရွာအနီး၌ ဂျိုးဖြူဘူတာတည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြိုဆို နှုတ်ဆက်

ဇန်နဝါရီ ၂၅ရက်က ဩစတြေးလျ နိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ နိုင်ငံ သံအမတ်ကြီး Ms. Michelle Su-Wen Chan ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတကာဖောင်ပိတ်သတင်း

ဘဂ္ဂဒက်၌ ကားဗုံးသုံးလုံးဖောက်ခွဲ တိုက်ခိုက် အနည်းဆုံး ၃၆ ဦးသေဆုံး၊ ၇၀ကျော် ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၅

ဘဂ္ဂဒက်မြို့လယ်၌ ဇန်နဝါရီ ၂၅ရက်က ဟိုတယ်များကို ပစ်မှတ်ထား၍ ကားဗုံးသုံးလုံးဖောက်ခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၃၆ ဦးသေဆုံးပြီး ၇၀ကျော် ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ (အပေါ်ပုံ)

ပေါက်ကွဲခဲ့

ပထမဆုံးသောကားဗုံးမှာ ရှယ်ရီတန်ဟိုတယ်အနီး၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဒုတိယဗုံးမှာ ကာရာဒါအရပ်ရှိ ဘာဘီလုံ ဟိုတယ်အနီး၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ တတိယဗုံးမှာ ဂျာဒရီရပ်အရပ်ရှိ အနောက်တိုင်းသတင်းစာဆရာများ ဝင်ထွက်သွားလာရာဖြစ်သည့် ဟမ်ရာဟိုတယ်အနီး၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

စောငမန်းက တိုက်စစ် ဦးဆောင် အလွတ်တန်းဒဂုံရွှေအောင်လံထပ်ဆင့်ရယူ

စိုးလင်းဦးက အလဲထိုးဖြင့် ဒုတိယတန်း ဒဂုံရွှေအောင်လံ ဆွတ်ခူး

ဒဂုံရွှေအောင်လံ ၂၀၁၀ ပွဲစဉ်များ ကျင်းပပြီး

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း ➤ ဇင်လင်းထွန်း(ဓနုဖြူ)

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Dagon Brewery Co., Ltd. ၏အဓိက မတည်ပံ့ပိုးမှု Myanmar Media Group ၏ မီဒီယာပိုင်းဆိုင်ရာ ကူညီမှုများဖြင့် H & S Group မှ ဦးစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်) တာဝန်ယူစီစဉ်သည့် ဒဂုံရွှေအောင်လံ ၂၀၁၀ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး ဒုတိယနေ့ အောင်လံလုပွဲစဉ်များကို ဇန်နဝါရီ ၂၄ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပရာ စိုးလင်းဦး (တောင်ကလေး)က စစ်သွေး (ဘိလပ်မြေစက်ရုံ)ကို အလဲထိုး၍ ဒုတိယတန်း ဒဂုံရွှေအောင်လံရရှိသွားပြီး လက်ရှိအောင်လံဆုရှင် စောငမန်း(Ever Green)က ရွှေဆိုင်း (မြိုင်ကြီးငူ)ကို အမှတ်ပြတ် ၅-၀ဖြင့် အနိုင်ရရှိကာ အလွတ်တန်း ဒဂုံရွှေအောင်လံကို ထပ်ဆင့်ရရှိသွားသည်။

အနိုင်ပွဲ

ဒုတိယနေ့ပွဲစဉ်များကို အထူးလေးချီ စိန်ခေါ်ပွဲ သုံးပွဲ၊ ငါးချီစိန်ခေါ်ပွဲ လေးပွဲ၊ ဒုတိယတန်းနှင့် အလွတ်တန်းအောင်လံ ဗိုလ်လုပွဲ တစ်ပွဲစီ စုစုပေါင်း ပွဲစဉ် ကိုးပွဲဖြင့် ကျင်းပခဲ့သည်။ လေးချီပွဲများတွင် ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်)က ရဲဝင်းချစ် (မိုးသောက်ကြယ်)ကို ပထမအချီ ၂မိနစ် ၁၁စက္ကန့်၌ ဘယ်ဖြောင့်လက်သီးဖြင့် ပွဲသိမ်းအနိုင်ယူခဲ့ပြီး တော်လေးငယ်(ရွှေကုက္ကို)နှင့် သားကချင် (ဘိလပ်မြေစက်ရုံ)၊ သိန်းညီညီ(အလင်းရောင်)နှင့် အောင်မျိုးဦး (ဘိလပ်မြေစက်ရုံ)တို့ သရေပွဲဖြစ်သွားသည်။

ငါးချီ

ငါးချီ စိန်ခေါ်ပွဲများတွင် ဝီလျှံ (ရွှေကုက္ကို)နှင့် ထစ်ချွန်း(မိုးသောက်ကြယ်)တို့ တစ်ယောက်နှစ်ကြိမ် အမှတ်စဉ် အရေခံရသည်အထိ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ရင်း သရေဖြစ်သွားသည်။ ဝီလျှံ၏ တိကျသေသပ်သော အောက်ထောက်ရှင်းကန်ချက်များကြောင့်

နာမည်ကျော် စစ်သွေးကို အလဲထိုး၍ အောင်လံအရယူသွားသည့် စိုးလင်းဦး (တောင်ကလေး)။

ထစ်ချွန်း တဖုန်းဖုန်းပြုတ်ကျပြီး ဒုတိယအချီတွင် ဝီလျှံ၏ ညာဝိုက် အရှည်ထိုးချက်ကြောင့် အမှတ်စဉ် အရေခံရသည်။ ဝါရင့်ထစ်ချွန်းက သွေးအေးအေးဖြင့် တိုက်စစ်ပြန်ဖွင့်ပြီး ဆင့်ထိုးသော ဘယ်ထောက်နောက်မှ ညာခုတ်လက်သီးထိုးလိုက်ရာ တတိယအချီတွင် ဝီလျှံ ပထမအကြိမ် အမှတ်စဉ် အရေခံရပြီး ဆက်တိုက်ဖိထိုးသော ဝါးလုံးထိုး လက်သီးများကို ဆုတ်ရှောင်ရင်းမှ မလွတ်သာဘဲ ဒုတိယအကြိမ် အမှတ်စဉ် အရေခံရပြန်သည်။ ထစ်ချွန်း၏ လက်သီးချက်များကြောင့် ဝီလျှံ နှာခေါင်းသွေး ကျဆင်းသော်လည်း နောက်မဆုတ်တမ်း ပြန်ရင်းရာ စတုတ္ထအချီ၌ ဒူးတိုက်ချက် မိသွားပြီး ထစ်ချွန်း အမှတ်စဉ် အရေခံရသည်။ ပရိသတ်လက်ခုပ်သံရသော သရေပွဲရသည်။ နာမည်ကြီး မိုးသီးနှင့် လုံးတူဒေါက်တူ ဝမ်းတူး(ဒေါင်းမြန်မာ)တို့ ပွဲတွင်လည်း တစ်ယောက်တစ်ပြန်စီ အနားတောင်းရသည့် သရေပွဲဖြစ်သွားသည်။ မိုးသီးက ၂၀၀၉ လာအိုဆီးဂိမ်းသို့ ဂုရှူးဆန်းဆို လက်ရွေးစင်အဖြစ်လိုက်ပါ သွားသေးရာ နောက်ပြန်ပတ်ခြေကန်ချက် အလှအပများ ထုတ်သုံးပြသည်။ ဝမ်းတူး၏ အရှိက်ကို ညာဖြောင့်တစ်ဆုံးထိုးကာ သက်လုံရွှေသည်။ သက်လုံလျော့သွားသော ဝမ်းတူးမှာ မိုးသီး၏ ဘယ်ကန့်လန့်ဒူးတစ်ချက်ကြောင့် အနားတောင်းလိုက်ရသည်။ သို့ရာတွင် ဝမ်းတူးက သူ၏ ပြင်းထန်သော ညာခြေကန်ချက်များဖြင့် မိုးသီး၏ ဒူးကို အတွင်းခတ်၊ အပြင်ခတ် ဆက်တိုက် ကန်ပြီး ညာဖြောင့်လက်သီး ပစ်သွင်းရာ မိုးသီး အနားတောင်းလိုက်ရသည်။ အကြိတ်အနယ်ရှိပြီး ပရိသတ်နှစ်သက်သော သရေပွဲဖြစ်သည်။

အပူးအချုပ်

ခိုင်လင်းဦး (တောင်ကလေး)နှင့် ကချင်လေး(ဘိလပ်မြေစက်ရုံ)တို့ ပွဲကမူ ကြိုးဝိုင်းဒိုင် သတိပေးနေသည့်ကြားမှ အပူးအချုပ်မလျှော့နိုင်ကြသဖြင့် တတိယအချီတွင် ပွဲရပ်ခံလိုက်ရသည်။ နိုင်ထူးလွင် (တောင်ကလေး)က ရွှေသိန်းအောင် (ကျိုက္ကဆံ)၏ ထိုးချက် ကန်ချက်များကြားမှ အတွင်းဝင်ကပ်ကာ ဆွဲချုပ်ခေါင်းတိုက်သောကြောင့် ဒုတိယအချီ ၁မိနစ် စက္ကန့်၄၀တွင် ရွှေသိန်းအောင် ညာမျက်ခုံးကွဲကာ ဆေးရှုံး ရှုံးသွားသည်။

ဒုတိယတန်း ဒဂုံရွှေအောင်လံ ဗိုလ်လုပွဲတွင် စိုးလင်းဦး(တောင်ကလေး)က စစ်သွေး(ဘိလပ်မြေစက်ရုံ)ကို ဝံ့ဝံ့စားစား တိုက်စစ်ဖွင့်သည်။ စစ်သွေးက အမြင့်ပျံခြေကန်ချက်များ၊ လေဝဲဒူးများသုံး၍ ထိုးလုံးသတ်ပေါက် အလှအပဖြင့် စိုးလင်းဦးထံမှ အမှတ်ယူရန် ကြိုးစားသည်။ စိုးလင်းဦးက တော်ရုံထိချက်ကို မဖြဲဘဲ လိုက်မြဲလိုက်ကာ အပိုင်ထိုးကွက်ရှာသည်။ စစ်သွေးက နင်းခြေ၊ တားခြေများဖြင့် အနားမကပ်နိုင်ရန် ခုခံသော်လည်း စိုးလင်းဦးက အပိုင်ချုပ်၍ ဒူးဖြင့် ပွဲသိမ်းရန် ကြိုးစားသည်။ စစ်သွေးက စိုးလင်းဦး၌ ပွဲသိမ်းဒူးရှိကြောင်း သိသဖြင့် အတိုက်မခံရမီ အပြင်းအထန်ရုန်းထွက်ရာ စိုးလင်းဦးက ညာတံတောင်ဖြတ်ရိုက်သည်။ စိုးလင်းဦး၏ အားပါသော လက်သီးထိုးချက်များနှင့် ချုပ်ညှစ်မှုများကို စစ်သွေးမခံနိုင်ဘဲ ပျော့ကျလာသည်။ ဒုတိယအချီ တစ်မိနစ် ၂၂စက္ကန့်တွင် စိုးလင်းဦးက ဆွဲချုပ်ခေါင်းတိုက်ရာ စစ်သွေး မူးမိုက်သွားပြီး အနားတောင်းလိုက်ရသည်။ ထိုအချိန်တွင် ပွဲကြည့်ပရိသတ်ထဲမှ ရွှေပွင့်ဖြူ ဦးဇော်ဇော်က သုံးချီအတွင်း အနိုင်ထိုးသတ်နိုင်သူကို ဆုငွေ ကျပ်နှစ်သိန်း ချီးမြှင့်မည်ဟု ခုံဒိုင်သို့ အကြောင်းကြားလာသည်။ အနားတောင်းပြီး ပြန်တည်ထိုးရာ ၃၃စက္ကန့်အတွင်း၌ပင် စိုးလင်းဦးက အလဲထိုးပွဲသိမ်းလိုက်နိုင်သဖြင့် ဦးဇော်ဇော် ကတိအတိုင်း ဆုငွေ ချီးမြှင့်လိုက်သည်။

ရွှေဆိုင်းနှင့် စောငမန်း

အလွတ်တန်း ဒဂုံရွှေအောင်လံ ဗိုလ်လုပွဲတွင် ရွှေဆိုင်း(မြိုင်ကြီးငူ)နှင့် လက်ရှိ အောင်လံဆုရှင် စောငမန်း(Ever Green) ယှဉ်ပြိုင်ထိုးသတ်ရာ စောငမန်းက တိုက်စစ်ကို ဦးဆောင်သော်လည်း ရွှေဆိုင်းက ခံစစ်သီးသန့် ဗျူဟာခင်းနေသောကြောင့် စောငမန်း အပိုင်လုပ်ရန် ခက်ခဲနေသည်။ ရွှေဆိုင်းက စောငမန်း အဝင်၌ နင်းခြေ၊ တားခြေများ သုံးခြင်း၊ လက်သီးအကွဲ့၌ ဝင်ဖက်ခြင်းများ ပြုလုပ်သည်။ လူချင်းအပူး၌ စောငမန်းက

ထပ် ဆင့် အ လွတ် တန်း အောင် လံ ဆု ရှင် စောငမန်းကို ပွဲစီစဉ်သူ ဦးငွေဝင်း(ဝဲ)၊ ဦးစိုင်း ဇော် ဇော် (ယာ) တို့ နှင့် အ တူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ခေါင်းဆတ်ရိုက်ရာ ရွှေဆိုင်း ညာမျက်ခုံး ကွဲသွားပြီး ကြိုးဝိုင်းဆရာဝန်ထံ ဆေးစစ်ခံရသည်။ ခွင့်ပြုချက်ရသဖြင့် ဆက်လက်ထိုးသတ်ရာ စောငမန်းက ဘယ်ထောက်လက်သီးများ သုံးကာ အမှတ်ရအောင်ယူသည်။ ညာခြေရှေ့ခင်းကာ ညာပင့်လက်သီး ဆတ်ခနဲ ပင့်ထိုးသည်။ ရွှေဆိုင်း ဂတ်ပိတ်ထားသော ဘယ်လက်ဖျံအပြင်မှကျော်၍ ညာဝိုက်ထိုးသည်။ ဘောလုံးပွဲများတွင် ဂိုးပေါက်ရှေ့၌ တစ်သင်းလုံး စုပြုံပိတ်ဆို့ထားသည့် ဗျူဟာမျိုးဖြင့် ရွှေဆိုင်းက ခံစစ်ဆင်ထားရာ အလဲထိုးခွင့် မရသော်လည်း တိုက်စစ်ကို ဦးဆောင်ပြီး ထိချက်များများရအောင် စွမ်းဆောင်နိုင်သော စောငမန်းကို အမှတ်ပေးဒိုင် ငါးဦးစလုံးက အနိုင်ပေးလိုက်သည်။ ပရိသတ်စိတ်ဓာတ်နှင့် သိပ်မဟပ်မိသောပွဲဟု ဆိုရမည်။

ဆုတော်ငွေ

ဒုတိယတန်း ဒဂုံရွှေအောင်လံနှင့် အလွတ်တန်း ဒဂုံရွှေအောင်လံများကို ခုံဒိုင်ချုပ်ဆရာကြီး ဦးဒေါင်းနီက စိုးလင်းဦးနှင့် စောငမန်းတို့အား အောင်လံခါးထိုး ချီးမြှင့်ပေးပြီး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဒုတိယတန်း ဒဂုံရွှေအောင်လံဆုရှင်ကို ဆုဖလားနှင့် ဆုကြေး ငွေကျပ်သိန်း ၂၀၊ အလွတ်တန်း ဒဂုံရွှေ အောင်လံဆုရှင်ကို ဆုဖလားနှင့် ဆုကြေး ငွေကျပ်သိန်း ၃၀ကို ချီးမြှင့်ပေးသည်။ နှစ်ရက်တာ လက်ဝှေ့ပွဲများတွင် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်း (ထက်လင်းတိုင်းရင်းဆေးဝါးလုပ်ငန်း) က ပွဲစဉ်တိုင်း လက်ဝှေ့သမားများကို ဆုတော်ငွေ အညီအမျှ ချီးမြှင့်ပေးပြီး ခုံဒိုင်အဖွဲ့နှင့် ကြိုးဝိုင်းဒိုင်များကိုလည်း ဆုတော်ငွေများ ချီးမြှင့် ပေးအပ်ခဲ့ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

စောငမန်း၏ လက်သီးချက်ကြောင့် ရွှေဆိုင်း ကြိုးတန်းပေါ်သို့ ဤသို့ ယိုင်ထိုးကျသွားခဲ့သည်မှာ....။ (မြန်မာ့အလင်း)

26-1 (12).pmd 1 1/26/2010, 1:56 AM

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးတိုင်း၊ စဉ့်ကူးမြို့နေ ဦးစိန်တူ-ဒေါ်မြသီတို့၏သားထွေး

ဗိုလ်ကြီးကြည်မင်းဟန်
B.C.Sc (D.S.A)
နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်နေ ဒေါက်တာခင်စိုး-ဒေါ်မေသစ္စာတို့၏တစ်ဦးတည်းသောသမီး

မမေသဇင်စိုး
B.E (Electrical Power)

တို့၏ ၂၀-၁-၂၀၁၀ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးထိမ်းမြားပေးပါသော ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး ဒေါ်မြင့်ဟုအားလည်းကောင်း၊ ၂၁-၁-၂၀၁၀ရက်တွင် ရန်ကုန်မြို့ မင်းကွန်းတိပိဋ္ဋက ကျောင်းတော်ကြီး ရွှေရတုမင်္ဂလာခန်းမ၌ ကျင်းပပြီးစီးသော မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဆောင်ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသောသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကြည်မင်းဟန်-မမေသဇင်စိုး။

ထိမ်းမြားမင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City အထက်ပဒေသာပင်လမ်း၊
ခြံအမှတ်(J-6)နေ
ဦးဝင်းမောင်(ပြည်နယ်မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရခိုင်ပြည်နယ်)-
ဒေါ်ဟန်ကြည် တို့၏သားကြီး

မောင်ဇေယျာဝင်း
Engineer(Research and Development Division)
Showa Denko HD Singapore Pte., Ltd.
နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခြံအမှတ်(၄)၊ နဝဒေးလမ်းနေ
ပါမောက္ခဒေါက်တာခင်မောင်ဝင်း(အသည်းအထူးကုဆရာဝန်ကြီး)-ဒေါက်တာခင်လေးရီ
တို့၏သမီးငယ်

မနှင်းနှင်းဝင်း
Lead Document Controller, Prosafe Production Services Pte., Ltd. Singapore

တို့၏ ၂၃-၁-၂၀၁၀ရက်(စနေနေ့)တွင် Sedona Hotel(Grand Ballroom) ရန်ကုန်၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းချီးမြှင့်ပေးပါသော ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ ဦးတင့်ဆွေလတ်နှင့်ဇနီး ဒေါ်နွဲ့တင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး ဒေါ်ရီရီသန့်၊ မင်္ဂလာပန်းကြဲပေးသော မပြည့်ဖြိုးဟန်၊ မင်္ဂလာ အောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မမျိုးပပမင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးသော မပပသင်း၊ သတို့သားအရံ မောင်ဇော်ထက်နှင့် ဒေါက်တာနေလမျိုးလှိုင်၊ သတို့သမီးအရံမမျိုးမျိုးကြည်နှင့် မဇွန်လဲ့ကြည်၊ မင်္ဂလာဝတ်စုံ ဒီဇိုင်နာ လတ်လတ်၊ မိတ်ကပ်အလှဖန်တီးရှင် ညီညီမောင်(စမ်းချောင်း)၊ ပန်းအလှပြင် လင်းလင်းတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက် ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဇနီးများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် မေတ္တာဖြင့်အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇေယျာဝင်း-မနှင်းနှင်းဝင်း။

မင်္ဂလာဦးဆုတောင်း

ကိုကြည်နှင့် မမို့တို့၏ ၂၀-၁-၂၀၁၀ရက် မင်္ဂလာရက်မြတ်မှသည် ဘဝသက်ဆုံးတိုင် ချစ်ခင်ကြင်နာစွာဖြင့် အတူတကွ လျှောက်လှမ်းနိုင်စေရန် ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

ချစ်မောင်နှမများ -
ဒေါက်တာသူရ
ဒေါက်တာအိသန္တာဖြူ
ဒေါက်တာအောင်မင်းသူ(ခေတ္တ-ဂျမေကာ)
ဒေါက်တာသိန်းထွန်းဇံ(ခေတ္တ-ဂျမေကာ)
ဆွေဇင်ဝင့်(ဂူးဂူး)(Grade-11, ဒဂုံ-၁)
ညီညီသန့်(သားညီ) (Grade-9, အလက-၁၁ဒဂုံ)

ဆေးဆိုင်အများအပြားနှင့်သူနာပြုအကူမြောက်မြားစွာကို မွေးထုတ်ပေးခဲ့သည့်

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

သင်တန်းအပ်လက်ခံရာနေရာ။ အမှတ် ၂၄၉၊ ပထမထပ်၊ ဗားကရာလမ်း၊ မြေနီကုန်း (တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ (မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်နှင့်ကပ်လျက်) ဖုန်း-၅၀၄၇၅၀၊ ၅၁၆၈၉၆၊ (Open 7:00am to 9:00pm) ပိတ်ရက်မရှိပါ။

- ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်(အငြိမ်းစား)များဦးစီးသည်။
- အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့သရုပ်ပြသင်ကြားသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင်ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သောသူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်စွာ သင်ကြားမည်။
- ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- အလုပ်အကိုင်ရရှိရန် ကူညီမည်။ သင်တန်းဆင်းသက်သေခံ အောင်လက်မှတ်ထုတ်ပေးမည်။
- သန့်ရှင်းသောသင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့်သင်ကြားသည်။ ဘော်ဒါဆောင်ရှိသည်။
- တန်းခွဲသစ်တစ်ခုလျှင် (၁၅)ဦးသာ သတ်မှတ်ထားသည်။ သင်တန်းအပ်လက်ခံနေပြီ။
- တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းသွင်းထားနိုင်ပါသည်။

တစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်ငါးရက်သင်)

အပတ်စဉ်(၁၀၆၈)	၁-၂-၂၀၁၀ရက် စမည်။	(စနေနှင့်တနင်္ဂနွေ နားရက်)
အပတ်စဉ်(၁၀၆၉)	၃-၂-၂၀၁၀ရက် စမည်။	(တနင်္လာနှင့်အင်္ဂါ နားရက်)
အပတ်စဉ်(၁၀၇၀)	၅-၂-၂၀၁၀ရက် စမည်။	(ဗုဒ္ဓဟူးနှင့်ကြာသပတေး နားရက်)

နှစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်သင်)

အပတ်စဉ်(၁၀၇၁)	၂-၂-၂၀၁၀ရက် စမည်။	(အင်္ဂါနှင့်ဗုဒ္ဓဟူး သင်)
အပတ်စဉ်(၁၀၇၂)	၄-၂-၂၀၁၀ရက် စမည်။	(ကြာသပတေးနှင့်သောကြာ သင်)
အပတ်စဉ်(၁၀၇၃)	၆-၂-၂၀၁၀ရက် စမည်။	(စနေနှင့်တနင်္ဂနွေ သင်)

သုံးလပြတ်အထူးသင်တန်းများ (တစ်ပတ်တစ်ရက်သင်)

အပတ်စဉ်(၁၀၇၄)	၆-၂-၂၀၁၀ရက် စမည်။	(စနေ တစ်ရက်တည်းသာ)
အပတ်စဉ်(၁၀၇၅)	၇-၂-၂၀၁၀ရက် စမည်။	(တနင်္ဂနွေ တစ်ရက်တည်းသာ)

အထက်ဖော်ပြပါ လပြတ်သင်တန်းများအတွက် အချိန်ဇယား (နှစ်သက်သည့် အချိန်သာသင်ရန်)

နံနက်ပိုင်း	(I)	9:00am to 12:00pm
မွန်းလွဲပိုင်း	(II)	1:30pm to 4:30pm
ညပိုင်း	(III)	6:00pm to 8:00pm

လေးလအထူးသင်တန်း(ပိုမိုပြည့်စုံကျယ်ပြန့်သော Diploma သင်တန်း)

အပတ်စဉ်(၁၀၇၆)	၉-၂-၂၀၁၀ရက် စမည်။	(တစ်ပတ်လေးရက်သင်)
	9:00am to 4:30pm	(အင်္ဂါမှသောကြာ နေ့စဉ်)

မှတ်ချက်။ ။အထက်ပါလိပ်စာမှလွဲ၍ မည်သည့်နေရာတွင်မှ သင်တန်းခွဲမရှိပါ။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှုးယစ်ဆေး

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

စွယ်စုံမီဒီယာဂရု(ပ်)က ၁၉၉၆ခုနှစ်မှ စတင်ထုတ်ဝေခဲ့သည့် ပြည်မြန်မာသတင်းဂျာနယ်၏ အမှတ်(၇၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဇန်နဝါရီ ၁၄ရက် ညပိုင်းတွင် ရန်ကုန်မြို့ Traders ဟိုတယ်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် စွယ်စုံမီဒီယာဂရု(ပ်)၏ ဥက္ကဋ္ဌ ပြည်မြန်မာသတင်းဂျာနယ် အယ်ဒီတာချုပ် ဒေါက်တာတင်ထွန်းဦးက ဂျာနယ်၏ သမိုင်းကြောင်းနှင့် အခမ်းအနားကျင်းပရခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဂုဏ်ပြုအမှာစကား ပြောကြားပြီး စာရေးဆရာ ချစ်စံဝင်းက မုဒိတာစကား ပြောကြားသည်။ ဆက်လက်၍ မြို့တော်ဝန်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက စွယ်စုံမီဒီယာဂရု(ပ်)၏ ဂုဏ်ပြုဆုငွေကျပ် သိန်း ၇၀ကို ဂျာနယ်ဝန်ထမ်းများအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်မြို့ရှိ ဖြန့်ချိရေးကိုယ်စားလှယ်ကြီးများအား စွယ်စုံမီဒီယာဂရု(ပ်)က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ အခမ်းအနား၌ ယူရေနီယမ်အကအဖွဲ့က ဧည့်ခံဖျော်ဖြေ၍ ဧည့်သည်အဆိုတော်များက ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထုတ်ဝေလျက်ရှိ

စွယ်စုံမီဒီယာဂရု(ပ်)သည် ပြည်မြန်မာသတင်းဂျာနယ်အပြင် ၁၉၈၂ခုနှစ်မှစ၍ သုတစွယ်စုံမဂ္ဂဇင်း၊ ၁၉၉၂ ခုနှစ်မှစ၍ အာရောဂျ ကျန်းမာရေးမဂ္ဂဇင်းနှင့် ၂၀၀၄ခုနှစ်မှစ၍ Good Health ကျန်းမာရေးနှင့် အလှအပဂျာနယ်တို့ကို ထုတ်ဝေလျက်ရှိပြီး သုတစွယ်စုံ စာအုပ်တိုက်အနေဖြင့် ပညာပေးလုံးချင်းစာအုပ်များလည်း ထုတ်ဝေလျက်ရှိသည်။ **(သတင်းစဉ်)**

စွယ်စုံမီဒီယာဂရု(ပ်)မန်နေဂျင်းဒါရိုက်တာ ဒေါက်တာခင်မိုးမိုးကွန်ပျူတာနှင့် ဒီဇိုင်း၌ာနအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ စွယ်စုံမီဒီယာဂရု(ပ်)

သမိုင်းဌာန ကျောင်းသားကျောင်းသူများ မြတ်ဆရာပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

တက္ကသိုလ်များသမိုင်းဌာန ကျောင်းသားကျောင်းသူများ၏ ကောဒသမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၄ရက် နံနက် ၉ နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပူဇော်ပွဲကျင်းပရေးကော်မတီ နာယက ရန်ကုန်တက္ကသိုလ် သမိုင်းဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာမာဂရက်ဝေါင်းနှင့် ဦးဝင်းနိုင်တို့ကအမှာစကားပြောကြားသည်။ ထို့နောက် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးနန်းအောင်က ပူဇော်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

လှူဒါန်းပူဇော်

အခမ်းအနားတွင် ကန်တော့ခံဆရာကြီး ဆရာမကြီး ၄၀ တို့အား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ချီးဖြင့် ကန်တော့ကြပြီး ကန်တော့ပစ္စည်းများဖြင့် လှူဒါန်းပူဇော်ကြသည်။ ကန်တော့ခံဆရာကြီး ဆရာမကြီးများကိုယ်စား ဒေါက်တာခင်မောင်ညွန့်နှင့် ဆရာမကြီးဒေါ်အုန်းကြည်တို့က ဩဝါဒစကားပြောကြားကြသည်။ **(မြန်မာ့အလင်း)**

ရေလှောင်ကန်

ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော စည်လင်းကျေးရွာ ဂါလန် ၂၆၀၀ ဆံ့ မိုးရေလှောင်ကန် ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၅ ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးပြည့်ကြွယ်ငြိမ်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဇန်နဝါရီ ၁၆ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ် (၄၁) ရပ်ကွက်တွင် ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ဝင်း၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးထိန်လင်းနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတိပြုရေးအတွက် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြသစဉ်။

(မြို့နယ်မီးသတ်ဦးစီးဌာန)

ဧရာဝတီတိုင်း မြောင်းမြခရိုင် အိမ်မဲမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော အိမ်မဲ-ဒါးကလမ်း မိုင်တိုင်(၄/၄)ရှိ ချောင်းဖျားတံတားကို ဘေလီတံတားမှ သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်ရန် လမ်းလွှဲတံတားတည်ဆောက်ပြီးစီးမှုကို ဇန်နဝါရီ ၁၃ ရက်က ခရိုင်အင်ဂျင်နီယာ ဦးအေးသွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အင်ဂျင်နီယာ ဦးသိန်းဖေမြင့် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာ

တက္ကသိုလ်ဝင်စာမေးပွဲအတွက် အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုရန် ပြင်ဆင်မယ်ဆိုရင် ပြဋ္ဌာန်းထားတဲ့ Grade 11 English Text ကို သေသေချာချာ လေ့လာကြဖို့လိုပါတယ်။ ပြဋ္ဌာန်းထားတဲ့ English Text မှာ Unit (၁၄)ခု ပါရှိပါတယ်။ ကျောင်းသား၊ကျောင်းသူများအနေနဲ့ ဒီ Grade 11 English Text မှာပါတဲ့ Reading Section, Vocabulary Section, Grammar Section, Writing Section နဲ့ Selected Poems တွေအားလုံးကို ကျေကျေညက်ညက် မခြွင်းမချန် သိရှိထားကြဖို့လိုပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် မေးခွန်းများဟာ ပြဋ္ဌာန်းစာအုပ်ကိုပဲ အခြေခံပြီး မေးမှာဖြစ်ပါတယ်။ ယခင်နှစ်မေးခွန်းပုံစံတွေလိုပဲ မေးခွန်း(၉)ပုဒ်မေးမှာ ဖြစ်တယ်။

<u>မေးခွန်းနံပါတ်(၁)</u>ကတော့ English Text မှာပါတဲ့ Unit (၁၄)ခုထဲက passage စာပိုဒ်တစ်ပိုဒ်ကို ပေးထားပြီး အဲဒီစာပိုဒ်ရဲ့အကြောင်းအရာတွေကို မေးခွန်းအမျိုးအစား(၂)မျိုးနဲ့ မေးမှာဖြစ်တယ်။

Question No. 1(A)က **Write the correct word or words to complete each sentence.** ဖြစ်တယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။ Item (၅)ခု မေးထားပြီး one word စာလုံးတစ်လုံး၊ ဒါမှမဟုတ် a group of words စကားစုတစ်စုနဲ့ ကွက်လပ်ကို ဖြည့်ရမှာဖြစ်တယ်။

သတိပြုရမှာက စာပိုဒ်ထဲမှာပါတဲ့ စကားလုံးစကားစုတွေကို တိုက်ရိုက်ဖြည့်ထည့်လို့ ရချင်မှရမယ်။ ဝါကျရဲ့တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလိုပြောင်းရေးဖို့လိုချင် လိုလိမ့်မယ်။ ဥပမာ - စာပိုဒ်ထဲမှာ noun form သို့မဟုတ် adjective form နဲ့ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ verb form ပြောင်းပြီး ဖြည့်ချင်ဖြည့်ရမယ်။ စာပိုဒ်ထဲမှာ verb form နဲ့ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ noun form ပြောင်းပြီး ဖြည့်ချင်ဖြည့်ရမယ်။ ဥပမာ-စာပိုဒ်ထဲမှာ Robots are also used for patrolling these toxic areas. လို့ ပေးထားပေမယ့်မေးခွန်းမှာ We can also use robots to _____ toxic areas လို့ပေးထားရင် ဒီကွက်လပ်မှာ ဖြည့်ရမယ့်စကားလုံးက verb simple form ဖြစ်ရပါမယ်။ဒါကြောင့် patrolling ဆိုတဲ့ စာပိုဒ်ထဲက noun form နဲ့ပေးထားတဲ့ စကားလုံးကို ဒီအတိုင်း ပြန်ကူးရေးလို့မရပါဘူး။ အဖြေမှန်က patrol ဖြစ်ပါတယ်။ တစ်ခါတလေ verb form ဖြည့်ရတာဖြစ်ပေမယ့် active voice form ကနေ passive voice form ပြောင်းဖို့ လိုချင်ရင် လိုလိမ့်မယ်။ ဥပမာ Robots ထဲက စာကြောင်းတစ်ကြောင်းဖြစ်တဲ့ Other domestic robots are being produced with the aim of providing companionship or play partners to people လို့ ပေးထားပေမယ့် မေးထားတဲ့စာကြောင်းက People ________other domestic robots with the aim of providing companionship or play partners to them. လို့ပေးထားတဲ့အတွက် ဒီစာကြောင်းမှာ သုံးရမယ့် verb က passive verb form မဟုတ်တော့ဘဲ active verb form ဖြစ်ရပါမယ်။ ဒါကြောင့် အဖြေမှန်က are producing ဖြစ်ပါတယ်။

Question No. 1(B) ကတော့ **Answer each question in one sentence.** ဖြစ်တယ်။ စာပိုဒ်ထဲမှာပါတဲ့အကြောင်းအရာ အချက်အလက်တွေကိုမေးတဲ့ မေးခွန်း (၅)ခုမေးထားပြီး ဒီမေးခွန်းတွေကို ပေးထားတဲ့စာပိုဒ်ထဲကအဖြေရှာပြီး ပြည့်စုံတဲ့ဝါကျတစ်ကြောင်းနဲ့ အဖြေရေးပေးရမှာဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက်မေးခွန်းကလိုအပ်တဲ့အဖြေကအကြောင်းအရာ(content)ရော၊ သဒ္ဒါ(grammar)ပါ မှန်မှန်ကန်ကန် ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ဥပမာ-စာပိုဒ်ထဲမှာ The moon is a satellite of the earth, revolving around the earth once every twenty-nine and a half days. လို့ပေးထားပြီး How long does it take the moon to revolve around the earth once? လို့မေးရင် စာပိုဒ်ထဲမှာ ပေးထားတဲ့အတိုင်းပြန်မကူးဘဲ It takes the moon twenty-nine and a half days to revolve around the earth once. လို့ မှန်မှန်ကန်ကန် ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာဖြစ်တယ်။

ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ်များနဲ့ဆိုင်တဲ့ မေးခွန်းများကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင်လေ့ကျင့်ထားဖို့က ပိုအရေးကြီးပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလည်း မပြုလုပ်ကြဖို့ သတိပေးချင်ပါတယ်။ မေးထားတာကို ထိထိမိမိ မှန်မှန်ကန်ကန် ပြန်ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။

<u>မေးခွန်းနံပါတ်(၂)မှာပေးထားတဲ့မေးခွန်းကတော့</u> Fill in each blank with a word from the list given. Write down only the number of the blank and the word that fills it. ဖြစ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ Unit(၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ကို (၈)လုံးမြောက် စကားလုံးတွေကို ကွက်လပ်လုပ်ထားပြီး မေးထားတယ်။ ကွက်လပ်ပေါင်း(၂၀)ရှိပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ဖို့ စကားလုံး(၂၀)ကိုလည်း စာပိုဒ်အပေါ်မှာပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာပိုဒ်ကြီးတစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့ မလိုပါဘူး၊ ကွက်လပ်နံပါတ်နဲ့အဖြေကိုသာ ရေးရမှာဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူများရဲ့ အင်္ဂလိပ်စာတတ်မြောက်မှုကို ခြုံငုံစစ်ဆေးတာဖြစ်တယ်။ ဒီမေးခွန်းအတွက် ဘယ်လိုအမှားမျိုးကိုမှ လက်မခံကြောင်းလည်း သတိပြုမိကြဖို့ လိုပါတယ်။ ဥပမာအားဖြင့် capital letter နဲ့ရေးထားတာကို small letter နဲ့ ပြန်ရေးမိတာမျိုးမဖြစ်ဖို့၊ အနည်းကိန်း အများကိန်း မှားမသွားဖို့၊ plural number noun ဖြစ်ရမှာကို 's' ကျန်ခဲ့တာမျိုးမဖြစ်ဖို့ မှာချင်ပါတယ်။ ဒါကြောင့်စာလုံးကြီးနဲ့ စာလုံးသေး ကွဲပြားအောင်ရေးဖို့အပြင် စာလုံးပေါင်းမှန်အောင်ပြန်ရေးဖို့လည်းလိုပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူတို့ရဲ့ reading skill ဆိုတဲ့ စာဖတ်ပြီးနားလည်နိုင်မှုစွမ်းရည်နဲ့ grammar ဆိုတဲ့ ဘာသာစကားရဲ့ သဒ္ဒါကျွမ်းကျင်ပိုင်နိုင်မှုအပိုင်း နှစ်ပိုင်းစလုံးကို ဆန်းစစ်လိုတာဖြစ်လို့ passages တွေကို အလွတ်ကျက်ဖို့ထက် passages တွေကိုနားလည်ပြီး grammar မှန်မှန်နဲ့အဓိပ္ပာယ်ရှိတဲ့ sentences တွေဖြစ်အောင် မေးထားတဲ့ ကွက်လပ်တွေမှာ ပေးထားတဲ့ စကားလုံးတွေကို ဖြည့်နိုင်အောင်ကြိုးစားရမယ်။

<u>မေးခွန်းနံပါတ်(၃)</u>ကတော့ ကျောင်းသား၊ ကျောင်းသူတို့ရဲ့ အင်္ဂလိပ်စာတတ်ကျွမ်းမှုစွမ်းရည်အပြင်မှတ်သားနိုင်မှုစွမ်းရည်ကို စစ်ဆေးတဲ့မေးခွန်းပုံစံဖြစ်တယ်။ Write the appropriate words or groups of words to complete the sentences or lines of verse. လို့မေးမှာဖြစ်တယ်။ Item (၁၀)ခုမေးထားပြီးတော့ ကွက်လပ်(၁၀)ခုကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ ကွက်လပ်(၅)ခုက text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်ချက်တွေဖြစ်ပြီး ကျန်ကွက်လပ် (၅)ခုကတော့ ကဗျာ(၇)ပုဒ်ထဲက ကောက်နုတ်ချက်တွေဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူများရဲ့ သင်ယူထားတဲ့ အချက်အလက်တွေနဲ့ ကဗျာတွေကို နားလည်မှတ်သားပြီး ပြန်ပြီးရေးသားတင်ပြနိုင်မှုစွမ်းရည် ရှိ မရှိကို စစ်ဆေးတာဖြစ်တယ်။ ကဗျာအပိုင်းမှာ ဘယ်အမှားမျိုးကိုမှ လက်မခံပါဘူး။ တိတိကျကျ ပြန်လည်ဖော်ပြတာကိုပဲ လိုချင်တဲ့အတွက် စာလုံးပေါင်းမှားယွင်းမှုမရှိအောင် သတိထားကြဖို့ လိုပါတယ်။ ကွက်လပ်တွေကို ဖြည့်တဲ့နေရာမှာ စကားလုံးတစ်လုံးတည်း ဖြည့်ရတာရှိသလို စကားစုဖြည့်ရတာမျိုးလည်းရှိတာကို သတိပြုဖို့လိုပါတယ်။ နမူနာ ပြရမယ်ဆိုရင် 1.The Egyptian calendar showed a way to count weeks and months but it was not ______ . 2. Many electric clocks can sometimes be set to ______ automatically. 3. What is this life if, _________ ? We have no time to stand and stare? ဆိုတဲ့မေးခွန်းတွေကို ကြည့်မယ်ဆိုရင် နံပါတ်(၁)မှာ scientific ဆိုတဲ့ စကားလုံး တစ်လုံးတည်းလိုပေမယ့် နံပါတ်(၂)မှာတော့ turn on ဆိုတဲ့စကားလုံးနှစ်လုံးလိုမှာဖြစ်တယ်။ နံပါတ်(၃)မှာဆိုရင် အဖြေက full of care စကားလုံး သုံးလုံးလိုမှာဖြစ်တယ်။ ဒါကြောင့် ကွက်လပ်တစ်ခုတည်းရှိလို့ စကားလုံး တစ်လုံးတည်းပဲ ထည့်ရမယ်လို့ မှတ်လို့မရပါဘူး။

<u>မေးခွန်းနံပါတ်(၄)</u> ဟာ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက်လေ့လာထားမှု ရှိ မရှိ စစ်ဆေးနိုင်ဖို့ မေးခွန်း(၅)ခုမေးထားပါတယ်။

<u>မေးခွန်း နံပါတ်(၄)ရဲ့ item 1 နဲ့ item 2</u> ကတော့ text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်မေးထားတာပဲ ဖြစ်တယ်။ ဒီမေးခွန်းနှစ်မျိုးစလုံးမှာ choices ပေးထားပါတယ်။ OR ခံထားတဲ့ မေးခွန်းထဲက ကြိုက်ရာတစ်ပုဒ်ကို ရွေးဖြေကြရမှာဖြစ်တယ်။ ကျောင်းသား၊ ကျောင်းသူများဟာ အချက်အလက်ရော သဒ္ဒါပါ မှန်ကန်တဲ့ အဖြေစာကြောင်းများနဲ့ ဖြေကြားရမှာ ဖြစ်ပါတယ်။ဥပမာ 4.1. What is the general purpose of a self-service store? (or) What kind of volcano is Mount Popa and where is it situated? လို့ နံပါတ်(၁) မှာမေးတယ်ဆိုပါစို့။ ပထမ မေးခွန်းကို ရွေးပြီးဖြေမယ်ဆိုရင် အဖြေက The general purpose of a self-service store is to provide goods of every description attractively and hygienically and in perfect condition. ဒုတိယမေးခွန်းကို ရွေးပြီးဖြေမယ်ဆိုရင်အဖြေက Mount Popa is an extinct volcano and it is situated 50 kilometres southeast of Bagan. ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ဖို့ Unit(၁၄)ခု စလုံးမှာပါတဲ့ အကြောင်းအရာတွေကို အသေးစိတ်ဖတ်ပြီး မှတ်သားထားဖို့ လိုပါတယ်။

<u>ဒီမေးခွန်းနံပါတ်(၄)ရဲ့ item 3 နဲ့ item 4</u> မှာ မေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေထဲက ပထမတစ်မျိုးကတော့ Who said these words and to whom were they said? Which story are the words from? ဥပမာ- Who said these words and to whom were they said? Which story are the words from?

"She can't see or hear! My baby is blind and deaf." အဖြေက Mrs Keller said these words to her husband, Mr Keller. The words are from "Helen Keller." သို့မဟုတ် နောက်တစ်မျိုးက Who said these words and to whom were they said? What do they mean? ဖြစ်တယ်။ ဥပမာ- Who said these words and to whom were they said? What do they mean?

Your father had to pawn them. လို့မေးရင် အဖြေက Jenny Bishop said these words to her son, Jim Bishop. They mean that when Jim Bishop asked his mother about the diamond earrings his father bought her she said that as time was hard, that is, as his father was poorly paid, he had to pawn them.

မေးနိုင်တဲ့အလားတူ မေးခွန်းပုံစံနောက်တစ်မျိုးတွေကတော့ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to? အဲဒီစာကြောင်းထဲမှာ it တို့၊ we တို့၊ they တို့ စသဖြင့် pronoun တွေပါခဲ့ရင် အဲဒါတွေဟာ ဘာကိုညွှန်းတယ်ဆိုတာ အဖြေဝါကျထဲမှာ သဲသဲကွဲကွဲ ဖော်ပြဖြေဆိုရမှာ ဖြစ်တယ်။ ဥပမာ- What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to?

Then as <u>his</u> final gift, the professor gave them a piece of advice. လို့မေးရင်အဖြေက The title of the unit from which the sentence is taken is 'Too much knowledge maketh fools.' The word underlined in the sentence refers to 'the professor's.' လို့ ဖြေရပါမယ်။ ဒါမှမဟုတ် နောက်တစ်မျိုးမေးနိုင်တာကတော့ What is the title of the unit from which the sentence is taken? What does the following sentence mean? ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ ဥပမာ- What is the title of the unit from which the sentence is taken? What does the following sentence mean?

Why don't you rest? လို့မေးလာရင်အဖြေက The title of the unit from which the sentence is taken is 'Helen Keller, The sentence means that Mrs Keller suggested Miss Sullivan to take a rest because she knew that Miss Sullivan was very tired, having to teach her daughter for two weeks.' လို့ ဖြေရပါမယ်၊ ဒီအဖြေက နမူနာအဖြေသာ ဖြစ်တယ်။ ဒီစာကြောင်းရဲ့ ဆိုလိုရင်းကို ပေါ်လွင်စေတဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံပါတယ်။ မေးခွန်းရဲ့ ဒုတိယအပိုင်းဖြစ်တဲ့ What does the following sentence mean? ဆိုတဲ့မေးခွန်းမှာ Unit (၁၄)ခုထဲက စာကြောင်းတစ်ကြောင်းကို ထုတ်နုတ်ပြထားပြီး အဲဒီ စာကြောင်းရဲ့ ဆိုလိုရင်းကို မေးတာဖြစ်တယ်။

<u>ဒီမေးခွန်းနံပါတ်(၄)ရဲ့ item 5</u> ကတော့ ကဗျာတွေထဲက စာကြောင်းနှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာပဲ ဖြစ်တယ်။ What do these lines mean? လို့မေးမှာ ဖြစ်တယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှအဆက်

ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့အဓိပ္ပာယ်ကို ကျေကျေညက်ညက် နားလည်သိရှိထားဖို့လိုပါတယ်။ ကဗျာကိုအဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ ဆိုလိုရင်းအဓိပ္ပာယ်ရော၊ သဒ္ဒါရော မှန်ရပါမယ်။

ဥပမာ- What do these lines mean?

What does he plant who plants a tree?

He plants the friend of sun and sky; ဆိုတဲ့ကဗျာထဲက စာကြောင်းနှစ်ကြောင်းကို ပေးထားတယ်ဆိုပါစို့။ အဲဒီကဗျာနှစ်ကြောင်းရဲ့စကားပြေကို ပြန်တဲ့အခါ ဆိုလိုရင်းအဓိပ္ပာယ်ရော၊ သဒ္ဒါရော မှန်ရပါမယ်။

မေးခွန်းနံပါတ်(၅)က မေးခွန်းနံပါတ်(၁)Bလိုပဲ Unit(၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း(၅)ခုကို ဖြေပေးရမှာဖြစ်တယ်။ ဒီမေးခွန်းတွေကိုကောင်းကောင်းဖြေဆိုနိုင်ဖို့အတွက် ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက်ဖတ်ရမယ်။ အကြောင်းအရာနဲ့ သဒ္ဒါမှန်ကန်တဲ့ဝါကျတွေ တည်ဆောက်တတ်အောင်လည်း များများလေ့ကျင့်ထားရပါမယ်။ဒီမေးခွန်းတွေက (၂)မှတ်တန်မေးခွန်းတွေဖြစ်လို့မဖြေနိုင်ဘူးဆိုပြီး မဖြေဘဲမထားခဲ့ပါနဲ့။ အဖြေတစ်ဝက်လောက်မှန်ရင်လည်း အမှတ်တစ်ဝက်လောက်ရပါတယ်။ဥပမာ- Preventing malaria includes a variety of measures: wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ပေးထားပြီး How can we prevent malaria? လို့မေးရင် စာပိုဒ်ထဲမှာ ပေးထားတဲ့အတိုင်း ပြန်မကူးဘဲ We can prevent malaria by wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ မှန်မှန်ကန်ကန်ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာဖြစ်တယ်။

မေးခွန်းနံပါတ်(၆) ကတော့ Punctuation နဲ့ဆိုင်တဲ့မေးခွန်းဖြစ်ပါတယ်။ Punctuate the following လို့မေးမှာဖြစ်တယ်။ capital, comma, semi-colon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe တွေကို မှန်မှန်ကန်ကန် သုံးစွဲတတ်မတတ် စစ်ဆေး မှာဖြစ်တယ်။ ကျောင်းသားကျောင်းသူများ လွယ်လွယ်ကူကူဖြေဆိုနိုင်ဖို့ ပြဋ္ဌာန်းစာအုပ်ထဲက စာကြောင်းတွေကို မေးလေ့ရှိပေမယ့် ပြဋ္ဌာန်းစာအုပ်ထဲမှာမပါတဲ့ ဝါကျတွေကိုလည်း မေးနိုင်တယ်။ အဓိကကတော့ Punctuation ဆိုတာဘာလဲ၊ ဘယ်လိုသုံးရမလဲဆိုတာ သိဖို့အရေးကြီးတယ်။ သတိပေးချင်တာကတော့ Punctuation မေးခွန်းအတွက် အလွတ်ကျက်ဖို့ မလိုပါဘူး။ လေ့ကျင့်ခန်းများများ လုပ်ပေးဖို့လိုပါတယ်။ ဥပမာအားဖြင့် ဝါကျရဲ့အစ စကားလုံးတို့၊ လူနာမည်တို့ကို capital letter ရေးဖို့၊ ဝါကျအဆုံးမှာအဆိုဝါကျဖြစ်ရင် full stop သုံးဖို့၊ လူတစ်ဦးတစ်ယောက်ကပြောတဲ့ စကားလုံးတွေကို ပေးထားရင် အဲဒီစကားလုံးတွေရဲ့အစနဲ့အဆုံးမှာ inverted commas တွေသုံးဖို့သိရပါမယ်။ ဥပမာ စာကြောင်းတစ်ကြောင်း ကြည့်ရအောင် then annie said to the family please leave me alone with her ဒီစာကြောင်းကိုကြည့်ရင် စာကြောင်းအစက စကားလုံးဖြစ်တဲ့ then ကို Capital letter နဲ့ ရေးရမှာဖြစ်လို့ then က Then ဖြစ်မယ်။ annie က လူနာမည်ဖြစ်လို့ Capital letter 'A' နဲ့ရေးရမှာဖြစ်တယ်။ Annie ပြောတဲ့စကားက please leave me alone with her ဖြစ်လို့ Annie က ပြောတဲ့ စကားရဲ့အစမှာ open inverted commas (") ရှိပြီး၊ သူပြောတဲ့စကားအဆုံးမှာ close inverted commas (") ရှိရပါမယ်။ Annie said to the family ဆိုတဲ့ စကားပုဒ်ရဲ့နောက်မှာလည်း comma ရှိရပါမယ်။ နောက်ဆုံးစာကြောင်းရဲ့ အဆုံးမှာ Annie ပြောတဲ့စကားဟာ အဆိုဝါကျဖြစ်လို့ full stop နဲ့အဆုံးသတ်ရပါမယ်။

မေးခွန်းနံပါတ်(၇)မှာ အပိုင်း ၂ ပိုင်းပါဝင်ပါတယ်။

မေးခွန်းနံပါတ်(၇)ပထမပိုင်း VII A က Stylistic Transformation လို့ခေါ်ပါတယ်။ Finish each sentence in such a way that it means exactly the same as the sentence that is given လို့မေးမှာဖြစ်တယ်။ ပေးထားတဲ့စာကြောင်း(၁၀)ကြောင်းကို အဓိပ္ပာယ်မပြောင်းလဲစေပဲ ပြန်ရေးပေးရမှာဖြစ်တယ်။ ပြဋ္ဌာန်းစာအုပ်ထဲမှာ ဒီလိုအဓိပ္ပာယ်မပြောင်းလဲဘဲ တည်ဆောက်ပုံမတူတဲ့ဝါကျတွေ ပြန်ရေးခိုင်းတဲ့ လေ့ကျင့်ခန်းတွေ အများကြီးပေးထားတဲ့အတွက် အဲဒီ Grammar Exercise တွေများများလုပ်ရင် ဒီအပိုင်းကို ကောင်းကောင်း ဖြေဆိုနိုင်ကြမှာ ဖြစ်တယ်။

မေးခွန်း(၇)ရဲ့ ဒုတိယပိုင်း VII B ကတော့ paragraph writing ဖြစ်တယ်။ ပေးထားတဲ့ prompts များကိုသုံးပြီး စာပိုဒ်တိုလေး တစ်ပိုဒ်ရေးရမှာဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသားထားတာတွေကို ဘာမှမစဉ်းစားဘဲ ချရေးတာမျိုးမလုပ်ပါနဲ့။ မေးခွန်းက Using the prompts given, write a very short paragraph on: ဆိုပြီး ရွေးစရာ(၂)ပုဒ်ပေးပါမယ်။ ကိုယ်ပိုင်တဲ့တစ်ပုဒ်ကို ရွေးပြီးရေးပါ။ မလိုတာတွေ ထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompts အားလုံးကိုပြန်သုံးပြီး ရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။ Question VII B. ကို ဖြေတဲ့အခါမှာ ကျောင်းသား၊ ကျောင်းသူ တော်တော်များများက အားနည်းတာကိုတွေ့ရတယ်။ ပေးထားတဲ့ prompts တွေနဲ့ သဒ္ဒါမှန်တဲ့ ဝါကျတွေဆောက်တတ်ဖို့ လိုတယ်။ ဥပမာ- The Moon အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ prompts တွေက

– moon - much smaller - earth

– no water - on moon လို့ ပေးထားတယ်ဆိုပါစို့။

အဲဒီဝါကျမှာ moon တို့၊ earth တို့ကို definite article "the" နဲ့သုံးရပါမယ်။ ပြီးတော့ အဲဒီဝါကျမှာ verb မရှိသေးလို့ ထည့်ပေးရမယ်။ လဟာ ကမ္ဘာထက် သေးတယ်လို့ အဓိပ္ပာယ်ရလို့ လိုအပ်တဲ့ verb က verb to be ဖြစ်တဲ့ is လိုပါမယ်။ ဒါကြောင့် moon - much smaller - earth ကို ပြန်ရေးရာမှာ The moon is much smaller than the earth လို့ပြန်ရေးတတ်ရမယ်။ ပြီးတော့ smaller ဆိုတဲ့ comparative degree adjective သုံးထားတဲ့အတွက် than ဆိုတာ မဖြစ်မနေနောက်ကလိုက်ရပါမယ်။ ဒါကြောင့် The moon is much smaller than the earth လို့ပြန်ရေးတတ်ရမယ်။ နောက်တစ်ကြောင်းကို ရေးပြရမယ်ဆိုရင် ပေးထားတဲ့ prompts တွေက no water – on moon လို့ ပေးထားတယ်။ ဆိုလိုတာက လပေါ်မှာ ရေမရှိဘူးလို့ ဆိုလိုတဲ့အတွက် ရှိခြင်း (existence) ကို ပြဖို့ There is သို့မဟုတ် There are ဝါကျပုံစံသုံးရမယ်။ ဒီမှာ subject က water ဖြစ်လို့ "is" ဆိုတဲ့ singular verb ကိုသုံးမယ်။ ပထမဝါကျမှာလိုပဲ moon ကို ပြန်ရေးရင် definite article "the" လိုပါတယ်။ ဒါကြောင့် no water - on moon ဆိုတဲ့ prompts တွေကို ပြန်ရေးရာမှာ There is no water on the moon လို့ ပြန်ရေးရပါမယ်။

ဒီလို prompts တွေကိုသုံးပြီး ဝါကျဖြစ်အောင်ပြန်ရေးရာမှာ article တွေဖြစ်တဲ့ "a" တို့၊ "an" တို့၊ "the" တို့လိုရင် ထည့်ရမယ်။ verb to be ဖြစ်တဲ့ "am" တို့၊ "is" တို့၊ "are" တို့ လိုရင်ထည့်ပေးရမယ်။

မေးခွန်းနံပါတ်(၈)ကတော့ letter writing ဖြစ်ပါတယ်။ ပေးထားတဲ့မေးခွန်း(၃) ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ပဲ ဖြေရပါမယ်။ ဒီမေးခွန်းကိုဖြေဆိုတဲ့အခါ သတိပြုရမယ့်အချက်တွေကတော့ ပေးထားတဲ့ညွှန်ကြားချက်တွေကို သေသေချာချာ ဖတ်ဖို့ပဲဖြစ်တယ်။ ဒီနေရာမှာ-(၁)စာရေးမယ့်သူက ဘယ်သူလဲဆိုတာ သိဖို့လိုပါတယ်။ (၂)ဘယ်သူ့ ဆီကို ရေးရမလဲဆိုတာကြည့်ပါ။ (၃)ဘာအကြောင်းအရာရေးရမလဲဆိုတာ အရင်သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့အကြောင်းအရာ တစ်ချက်လား၊ နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။ ဥပမာ- ဒီမေးခွန်းကို ကြည့်ကြရအောင်၊ You are Bo Bo. You live at No.1, Pagoda Road, Pyay. Write a letter to your friend Aung Aung who lives in Bago, telling him the kind of exercises you do in studying English and how much time you spend on studying English every day. ဒီမေးခွန်းကိုကြည့်ရင် စာရေးမယ့်သူက Bo Bo ဖြစ်တယ်။ ဘယ်သူ့ဆီကို ရေးမလဲဆိုတော့ Aung Aung ဆီကို ရေးရမှာဖြစ်လို့ Dear Aung Aung လို့ စရေးမယ်။ ပြီးတော့ ရေးခိုင်းတဲ့အကြောင်းအရာကို ကြည့်မယ်ဆိုရင် telling him the kind of exercises you do in studying English နဲ့ how much time you spend on studying English every day ဆိုတဲ့ အကြောင်းအရာနှစ်ချက်ပါတဲ့အတွက်ကြောင့် နှစ်ချက်လုံးပါအောင်ရေးမှသာ အမှတ်ကောင်းကောင်းရမှာဖြစ်တယ်။ အလွတ်ကျက်ထားတဲ့စာတွေကို ရေးပေးလိုက်တာမျိုး မလုပ်ပါနဲ့။ ရေးရမယ့်အကြောင်းအရာကိုမသိဘဲ အလွတ်ကျက်ထားတာ အားလုံးချရေးပြီး ဖြေတာမျိုးဟာ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။ လိုရင်းအချက်အားလုံးပါမှ အမှတ်ကောင်းကောင်းရမယ်။

မေးခွန်းနံပါတ်(၉) ကတော့ essay writing ဖြစ်ပါတယ်။ ပေးထားတဲ့ခေါင်းစဉ်(၃)ခုထဲက ကြိုက်ရာတစ်ခုကိုရေးရမှာဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲအဆင့်မှာ စာစီစာကုံးနဲ့ ပေးစာတွေကို ကောင်းအောင်ရေးနိုင်ဖို့

(1) Organization-ဖွဲ့စည်းပုံကောင်းခြင်း။ အကြောင်းအရာအချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံး စသဖြင့် အစီအစဉ်ကျကျ ရေးနိုင်ခြင်းဖြစ်တယ်။

(2) Relevancy- သက်ဆိုင်မှုရှိခြင်း။ မိမိရေးရမယ့်အကြောင်းအရာနဲ့ သက်ဆိုင်တာကိုပဲ ရေးရမှာဖြစ်တယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကိုရေးခဲ့ရင် သက်ဆိုင်မှုမရှိဘူးလို့ သတ်မှတ်မှာဖြစ်လို့ အမှတ်မရနိုင်ဘူး။

(3) Content- အချက်အလက်မှန်ကန်ပြည့်စုံခြင်း။ ရေးရမယ့်အကြောင်းအရာနဲ့စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးသားနိုင်ဖို့ လိုပါတယ်။

(4) Language- အသုံးအနှုန်းမှန်ကန်ခြင်း။ သုံးတဲ့စကားလုံးဝေါဟာရတွေမှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်မှန်၊ ဝါကျဖွဲ့စည်းပုံမှန်မှန်နဲ့ ဝါကျအမျိုးမျိုး ရေးတတ်ခြင်းတို့ဖြစ်တယ်။

(5) Presentation-တင်ပြပုံကောင်းခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူဖတ်လို့ကောင်းအောင် ဖွဲ့နွဲ့တင်ပြနိုင်စွမ်း ရှိရပါမယ်။

ပေးစာရေးရာမှာဖြစ်ဖြစ်၊ စာစီစာကုံးရေးရာမှာပဲဖြစ်ဖြစ် မလိုအပ်ဘဲ အလွန်ရှည်လျားတဲ့စာတွေ၊ စာစီစာကုံးတွေကို တချို့ကျောင်းသားတွေရေးတာကို တွေ့ရပါတယ်။ ပေးစာများကို ၅မျက်နှာ ၆မျက်နှာလောက်ရေးခြင်း၊ စာစီစာကုံးကိုလည်း ၁၀မျက်နှာ ၁၂မျက်နှာလောက်ရေးပြီး ရေးတဲ့အကြောင်းအရာတွေ ကျစ်လျစ်ထိမိမှုမရှိခြင်း၊ ဆက်စပ်မှုမရှိခြင်းတို့ကို တွေ့ရပါတယ်။ အကြောင်းအရာတွေကို မနိုင်မနင်း အဆက်အစပ်မရှိဘဲ ထပ်ခါတလဲလဲရေးတာမျိုးကိုလည်း ရှောင်ကြဉ်ကြပါ။ မေးထားတဲ့အကြောင်းအရာက တစ်ချက်လား နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပါ။ ဥပမာ-စာစီစာကုံးခေါင်းစဉ် Enjoyable hobbies ရေးခိုင်းရာမှာ ပျော်ရွှင်စရာကောင်းတဲ့ hobbies ဖြစ်ရမယ့် အပြင် အရေအတွက်တစ်ခုထက်မကတဲ့ hobbies အကြောင်းရေးမှ အမှတ်ကောင်းကောင်းရမှာ ဖြစ်တယ်။ အကြောင်းအရာတစ်မျိုးတည်းကိုပဲရေးပြီး ရေးခိုင်းတဲ့အကြောင်းအရာ နှစ်မျိုးလုံး မပါဘူးဆိုရင် အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။

တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေကို အထူးမှာချင်တာကတော့ ပြဋ္ဌာန်း စာအုပ်မှာပါတဲ့ Unit (၁၄)ခုလုံးက စာပိုဒ် passages တွေကို တစ်ခုမကျန် သေသေချာချာဖတ်ရှုမှတ်သားဖို့၊ ပေးထားတဲ့လေ့ကျင့်ခန်းတွေကို များများပြုလုပ်ကြဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက အဓိပ္ပာယ် ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ဒါမှ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်မှာ ဖြစ်တယ်။ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူအားလုံး မိမိတို့ ကျက်မှတ်ရမယ့်စာတွေကို ကြိုးကြိုးစားစား ကျက်မှတ်လေ့လာပြီး အောင်မြင်မှုရရှိနိုင်ကြပါစေ။ ॥

အမည်မှန်
တစ်ဦးတည်းသာဖြစ်ကြောင်း

အဖဦးဝမ်ရွှေဝင်း၏သမီး နမ္မတူမြို့၊ ပန်ဟိုက်(၄)ရပ်ကွက်မှ မစန္ဒာဝင်း ၁၃/နမတ(ပြု)၀၀၀၂၉၄ ကိုင်ဆောင်သူမခင်စန္ဒာဝင်း (ခ) မစန္ဒာဝင်းသည် တစ်ဦးတည်းသာ ဖြစ်ကြောင်း။

အမည်မှန်

လားရှိုးမြို့၊အထက(၆)၊ စတုတ္ထတန်း(က)မှ မောင်ဖုန်းမြင့်သူ၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့် ၁၃/လရန(နိုင်) ၀၁၈၅၈၄ ဖြစ်ပါကြောင်း။

မန္တလေးမြို့မှာ
မြေရောင်းမည်

နေရာကောင်း၊ ရပ်ကွက်ကောင်း၊
၆၃လမ်းမကြီးပေါ်၊
၂၉×၃၀လမ်းကြား၊
အောင်တော်မူရပ်၊
ချမ်းအေးသာစံမြို့နယ်၊
မျက်နှာစာ ၆၄ ပေ × ပေ ၈၀။
ဖုန်း-၀၉-၂၀၀၀၂၄၇။

မိုးညှင်းဓမ္မဒိန္နာအမျိုးသမီးယောဂီ
လေးထပ်ဆောင်အတွက် ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊အမှတ် ၁၈၅၊ ဓမ္မစေတီလမ်း၊ရွှေတောင်ကြား (၂)ရပ်ကွက်၊ မိုးညှင်းဝိပဿနာတိုက်သစ်တွင် **ဓမ္မဒိန္နာ အမျိုးသမီးယောဂီလေးထပ်ကျောင်းဆောင်တော်ကြီး**ကို (အလျားပေ၁၃၀၊ အနံပေ၅၀) အတွင်း ဆောက်လုပ်နေပြီဖြစ်ပါ၍ ကြုံတောင့်ကြုံခဲ အခွင့်အရေးထူးကြီးကို လက်မလွတ်ကြစေရန် မည်သူမဆို ကျောင်းဒါယကာ၊ ဒါယိကာမ အဖြစ်ခံယူနိုင်ပြီး တစ်ခန်းချင်းအတွက်ဖြစ်စေ၊ မိမိနှစ်သက်ရာ စွမ်းနိုင်သရွေ့ဖြစ်စေ ဖုန်း- ၅၀၂၀၃၃သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်အပ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၂၃၃၊ မြေကွက်တည်နေရာ အမှတ် ၂၃၃၊ ၆ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်အေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကို အမည်ပေါက် မိခင်ဒေါ်အေးနှင့် ဖခင် ဦးစံတင်တို့ကွယ်လွန်သဖြင့် (၁) ဦးအောင်ဝင်း ၁၂/ဥကတ(နိုင်) ၁၅၂၅၃၈၊ ဒေါ်ခင်ရီ ၁၂/ဥကတ(နိုင်) ၀၅၁၇၇၀တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း ပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်း အတွင်းရှိ ပွဲရုံအဆောင် (၁၉)၊ အခန်း (၉၊၁၀)ကို ပိုင်ရှင် ဂိုးဒင်းဆူးလေ ကုမ္ပဏီလီမိတက်မှ ၂၃-၇-၁၉၉၈ရက်တွင် ကျွန်တော် ဦးညီညီလွင်က အပြီးအပိုင် ဝယ်ယူခဲ့ပါသည်။ ယခုအခါ ကျွန်တော်ဦးညီညီလွင် အမည်ပေါက်သို့ လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနသို့ စာရွက်စာတမ်း အထောက်အထားများနှင့် ကန့်ကွက်လွှာ ပေးပို့နိုင်ပါသည်။

ဦးမြင့်ခိုင်နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၂၁နေကွယ်လွန်သူဒေါ်မိုးမိုးအေး(ခ)ဒေါ်မိုးမိုး၏သားမောင်ကောင်းစည်သူ အသက် (၉)နှစ်၏ဖခင် ဦးမြင့်ခိုင်သည် မောင်ကောင်းစည်သူ မွေးဖွားသည့်ရက်မှစ၍ စွန့်ပစ်သွားသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ မည်သည့်အရပ်ဒေသတွင် နေထိုင်၍ အသက်ထင်ရှား ရှိမရှိ လုံးဝအဆက်အသွယ်မရပါ။ မောင်ကောင်းစည်သူနှင့် အတူနေများဖြစ်ကြသော အုပ်ထိန်းသူအဘွားအရင်းဒေါ်ကြင်ထံမှ ဒေါ်ကြင်၏ညီမအရင်းဖြစ်သူ ဒေါ်အမာစိန်(ခ)ဒေါ်မာစိန်က မောင်ကောင်းစည်သူအား ဥပဒေနှင့်အညီစာချုပ် ချုပ်ဆိုမွေးစားမည်ဖြစ်ကြောင်း ဦးမြင့်ခိုင်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်အမာစိန်(ခ)ဒေါ်မာစိန်
၉/မရတ(နိုင်)၀၃၈၉၅၅

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ပြုံးပြုံးရင်
အထက်တန်းရှေ့နေ(စဉ်-၂၈၁၈၄)
၂၃×၂၄လမ်းကြား၊
၈၇×၈၈လမ်းကြား၊
အောင်မြေသာစံမြို့နယ်၊
မန္တလေးမြို့။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၌ ကျင်းပသည့် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ(၂၀၀၉)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၆* ●

အူလ်ဆန်တက္ကသိုလ်အသင်းနှင့် ခြေစမ်းကစားမည့် ပဏာမမြန်မာ့လက်ရွေးစင်အသင်းအား သုဝဏ္ဏအားကစားလေ့ကျင့်ရေးကွင်း၌ တွေ့ရစဉ်။ (မြန်မာ့အလင်း)

မြန်မာနှင့် ကိုရီးယားအူလ်ဆန်တက္ကသိုလ်ဘောလုံးအသင်း ယနေ့ညနေတွင် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားကြမည်

ဓာတ်ပုံမှတ်တမ်းနှင့် သုံးသပ်ရေးသားသူ - စိုးမိုး (IBC)

ရန်ကုန် ဇန်နဝါရီ ၂၅

အကြိတ်အနယ်ရှိလှသော MNL 2009 အမှတ်ပေးဘောလုံးပြိုင်ပွဲကြီး ပြီးစီးသွား၍ ဘောလုံးပွဲကောင်းများနှင့် ခဏတာမျှ ကင်းဝေးနေကြရသော ဘောလုံးဝါသနာအိုး ပရိသတ်များအတွက် ဇန်နဝါရီ၂၆ရက် **(ယနေ့)**နှင့် ဇန်နဝါရီ ၂၈ရက်များတွင် စိတ်လှုပ်ရှားဖွယ်ကောင်းမည့် နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲနှစ်ပွဲက ဆီးကြိုနေပေပြီ။ *စာမျက်နှာ ၆ ကော်လံ ၁* ❐

စံပြကျေးရွာအင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးစည်ပင်လာသော ရောမြေ ဓနိချောင်းစံပြကျေးရွာသို့ ခရီးတစ်ခေါက်

နေပြည်တော် ဇန်နဝါရီ ၂၅

ဇရာမင်း ပွဲထောင်ရေယာဉ်သည် ပက်ပြဲကျေးရွာမှ ခရီးဆက်ခဲ့ရာ လှိုင်းဘုန်းစံပြကျေးရွာတွင် ခရီးတစ်ထောက် ရပ်နားခဲ့သည်။ လှိုင်းဘုန်းကား လှိုင်းလေလုံခြုံသော ချောင်းအတွင်း တည်ဆောက်ထားသောကြောင့် သာယာလှပသော ကျေးရွာတစ်ရွာဖြစ်သည်။ ပင်လယ်ကုန် ကူးသန်းရောင်းဝယ်ရေးတွင် လှိုင်းဘုန်းသည် စီးပွားရေးအရ အချက်အချာကျလှသည်။ *စာမျက်နှာ ၉ ကော်လံ ၂* ✳

သတင်းဆောင်းပါး - ကိုကိုဦး
ဓာတ်ပုံမှတ်တမ်း - သိန်းမင်းထက်
စာမျက်နှာဖွဲ့စည်းမှု
ဝင့်မာသွင် (မြန်မာ့အလင်း)

ဓနိချောင်း စံပြကျေးရွာ ဒေးဒရဲလမ်းမကြီးတစ်လျှောက်ရှိ လှပသေသပ်သော လူနေအိမ်များနှင့် တာလမ်းမကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-သိန်းမင်းထက်

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။